www.burmeseclassic.com



www.burmeseclassic.com

အနုပညာ စာပေနှင့် အသိဉာဏ်
ယောမင်းကြီးစာပေ
စာအုပ်အမှတ် ၆၀

# ဂြိုဟ်မွှေတဲ့ ငွေ

ရွှေဥဒေါင်း

www.burmeseclassic.com

www.burmeseclassic.com

ဤ'ဂြိုဟ်မွှေတဲ့ငွေ'ကို ဦးသန်းမြင့်၊ လင်းလင်းစာပေ(ဝ၁ဝ၄ဝ)၄/၂၉၊ မြဝတီမင်းကြီးလမ်း ၁ဝ မိုင်ကုန်း၊ အင်းစိန်က ထုတ်ဝေပြီး ဦးကျော်စိန်(ကျောက်စိမ်းအော့ဖ်စက်) (ဝ၂၉ဝ အမှတ်-၁ဂ၁၊ ၃၃ လမ်း၊ ရန်ကုန်မြို့က ပုံနှိပ်သည်။

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၉၁၈/၂ဝဝဝ (၁၁) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၈ဂ၅/၂ဝဝဝ (၁၂) |
| ဒုတိယအကြိမ် | - | ၂ဝဝ၁ ခုနှစ် (ယောမင်းကြီးစာပေ) |
| ပထမအကြိမ် | - | ၁၉၄၈ ခုနှစ် (မြန်မာ့ရုပ်ရှင်) |
| ကွန်ပျူတာ | - | သင်္ဂဟာ |
| အုပ်ရေ | - | ၁ဝဝဝ |
| တန်ဖိုး | - | ၄၅ဝ ကျပ် |

ယောမင်းကြီးစာပေက ထုတ်ဝေသည်

- ၃၄၆/၁၉ အနော်ရထာလမ်း၊ ရန်ကုန်။ (ဖုန်း-၅၄၃၁၆ဝ)
- ၁၄၊ နှစ်ထပ်ရုံသစ်၊ ဗိုလ်ချုပ်အောင်ဆန်းဈေး ပန်းဘဲတန်း၊ ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com



# ဖြိုဟ်မွေတဲ့ ငွေ

[၁]

လောကီမှုဆိုင်ရာ ပညာရပ်များ၌ အောက်ကျနောက်ကျ ရှိနေကြသော လူမျိုးများသည် အနောက်တိုင်းနိုင်ငံများ၌ ပေါ်ပေါက်သော မဂ္ဂဇင်း၊ သတင်းစာ၊ ဘိုင်စကုတ် စသည်တို့ကို ကြည့်ရှုခြင်းအားဖြင့် အပျင်းလည်းပြေလျက် ဗဟုသုတလည်း ပွားများကြသည်ဖြစ်ရာ အဆိုပါ အလေ့အကျင့်သည် ကောင်းကျိုးသက်သက်ကိုသာလျှင် ဖြစ်စေသည် မဟုတ်၊ ရံဖန်ရံခါ အတုမြင် အတတ်သင်ဟူသော စကားအရ မကောင်းသော အပြုအမူကို အတုယူမိခြင်းအားဖြင့် မကောင်းသော အကျိုးကိုလည်း ပေးတတ်လေသည်။

အချို့သော လူဆိုးများသည် မိမိတို့ကိုယ်ပိုင်ဉာဏ်ဖြင့် ဆောင်ရွက်ရသော် ထိထိရောက်ရောက် ဆိုးသွမ်းနိုင်သော အစွမ်းသတ္တိ မရှိပါဘဲလျက် အင်္ဂလိပ် ဘိုင်စကုတ် များတွင် ပြသသော လူဆိုးများ၏ ပြုမှုပုံကို အတုခိုး နည်းယူခြင်းအားဖြင့် ရဲအရာရှိများ ရုတ်တရက် ဖမ်းဆီးရန်မတတ်နိုင်သော ပြစ်မှုများကို ကျူးလွန်နိုင်ကြသည်ဖြစ်ရာ လွန်ခဲ့

---

* စစ်ကြိုခေတ်က ရဲ အစား Police ဟုသာ အသုံးလှယ်သုံးနှုန်းခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သောနှစ်က သုံးပွင့်ဆိုင် အသင်းကြီး၏ ဥက္ကဋ္ဌဖြစ်သည့် 'ဥသြ' အမည်ခံသူ လူဆိုးကြီး၏ ပြုမူကျင့်ကြံခဲ့ပုံများသည် အထက်ပါစကား၏ မှန်ကန်ကြောင်းကို လုံလောက်သော ထောက်ခံချက်ကြီးတစ်ခု ဖြစ်စေခဲ့လေသည်။ ဥသြ၏ ပြုမူပုံများမှာ ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ယောက်နှင့် မင်္ဂလာဆောင်မည့်ဆဲဆဲ ရှိနေသော သတို့သမီးထံ ရေးက အခြားသူတစ်ဦးဦးနှင့် ချစ်ကြိုက်ဖူးသည့် အဖြစ်အပျက်ကို ဖော်ထုတ်၍ ပြောလိုက်မည်ဟု ခြိမ်းခြောက်ခြင်းအားဖြင့်လည်းကောင်း၊ လာဘ်စားသော အရာရှိအားလည်း ၎င်းလာဘ်စားသော အဖြစ်အပျက်ကို အထက်လူကြီးထံ တိုင်တန်းမည်ဟု ခြိမ်းခြောက်ခြင်းအားဖြင့်လည်းကောင်း၊ ရှက်ဖွယ်သောအမှုကို တစ်ကြိမ်တစ်ခါ မှားယွင်းဖူးသည့် ဂုဏ်သရေရှိ လူကြီးလူကောင်း တစ်ယောက်ထံသို့လည်း ထိုအပြုအမူကို လူအများသိအောင် ကြေညာလိုက်မည်ဟူ၍ ခြိမ်းခြောက်ခြင်းအားဖြင့်လည်းကောင်း ငွေညှစ်တတ်လေသည်။

ဥသြသည် ထိုကဲ့သို့ ငွေညှစ်သောအခါ၌ စာဖြင့်ရေးသား၍ စာတိုက်မှ ထည့်တတ်သည်ဖြစ်ရာ ထိုကဲ့သို့ ခြိမ်းခြောက်သော အခါများ၌ အချည်းနှီးသက်သက် ကြွားဝါခြိမ်းခြောက်ခြင်းမဟုတ်၊ ကာယကံရှင်ကိုယ်တိုင် လက်မှတ်ရေးထိုးဖူးသော စာများကို သက်သေခံ အဖြစ်နှင့် ကိုင်ပြနိုင်သည်ဖြစ်ရာ ထိုသူသည် ဥသြတောင်းဆိုသော ငွေကို ပေးခဲ့ပါလျှင် ၎င်းစာများကို ပေးအပ်လေ့ရှိ၏။ အကယ်၍ ထိုငွေကို မပေးဘဲ ခေါင်းမာသောသူတို့အား ဥသြသည် မိမိခြိမ်းခြောက်သည့်အတိုင်း အရှက်ကွဲ အကျိုးနည်းအောင် ပြုတတ်မြဲဖြစ်လေသည်။ အကယ်၍ ကာယကံရှင်သည် တောင်းဆိုသောငွေကိုမပေးဘဲ ထိုစာကို ရဲများအား ပြသတိုင်တန်းပါမူလည်း ဥသြဆိုသူမှာ မည်သူ မည်ဝါဖြစ်သည်ဟု ရဲများက တပ်အပ်သေချာ မသိရသောကြောင့် ကယ်ဆယ်ရန် မတတ်နိုင်ဘဲ ထိုသူမှာ အရှက်ကွဲမြဲတိုင်း ကွဲရသည်သာလျှင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လေသည်။

လွန်ခဲ့သောနှစ်က ဤနည်းအားဖြင့် အရှက်ကွဲရသူများမှာ ပေါ်များလှသည်ဖြစ်ရာ အရှက်မကွဲစေလိုသဖြင့် လက်သိပ်ထိုး ငွေပေးရသောသူများမှာလည်း သာ၍ပင် ပေါ်များလှလေသည်။

ကျွန်ုပ်တို့ ရေးသားဖော်ပြလတ္တံ့သော အဖြစ်အပျက်မှာ မင်္ဂလာဆောင်မည့်ဆဲဆဲရှိနေသော သတို့သမီးတစ်ယောက် အကြောင်းနှင့်သက်ဆိုင်၏။ ကျောင်းဆရာမ မခင်မြိုင်သည် မြေပိုင်ရှင် သူဌေးဦးထွန်းကျော်၏သား မောင်ညွန့်ဖူးနှင့်လက်ထပ်ရန် ဖိတ်စာများ ရိုက်နှိပ်ပြီးဖြစ်၏။ မင်္ဂလာမဆောင်မီ သုံးရက်ခန့်တွင် ဆရာမ မခင်မြိုင်သည် ဥညြထံမှ စာတစ်စောင်ရရှိ၏။ ၎င်းစာ၌ မခင်မြိုင်နှင့် ကျောင်းဆရာမောင်ကျော်မြင့်တို့ ချစ်ကြိုက်ဖူးသည့် အတ္တုပ္ပတ္တိကို စုံလင်စွာသိကြောင်း၊ မခင်မြိုင်က မောင်ကျော်မြင့်ထံ ရေးသားဖူးသော စာနှစ်စောင်မှာ ဥညြ၏လက်၌ရှိကြောင်း၊ တစ်စောင်သောစာမှာ မခင်မြိုင်က မိမိအားလာရောက်ခိုးယူရန် တိုက်တွန်းပူဆာသောစာ ဖြစ်ကြောင်း၊ မခင်မြိုင်သည် ဥညြ၏စာကို ရပြီးနောက် ၄၈ နာရီအတွင်း ငွေ ၁၀၀၀ကျပ်ပေးပို့ရမည်ဖြစ်ကြောင်း၊ အကယ်၍ မပေးမပို့ဘဲ ရှိနေခဲ့လျှင် ဥညြသည် ၎င်းစာနှစ်စောင်ကို မောင်ညွန့်ဖူးထံသို့ ပေးပို့လိုက်မည်ဖြစ်ကြောင်းနှင့် ပါရှိလေသည်။

မခင်မြိုင်သည် ဥညြ၏စာကိုရပြီးနောက် ၂၄ နာရီအတွင်းတွင် ကြည့်မြင်တိုင် ဘောတံတားမှ ခုန်ဆင်းသေဆုံးခဲ့ရာ ၎င်းသေဆုံးသည့်အဖြစ်အပျက်ကို သတင်းစာများတွင် ထည့်သွင်းဖော်ပြခဲ့သည် မှန်သော်လည်း သေဆုံးသည့်အကြောင်းရင်းကိုမူ သတင်းထောက်များကိုယ်တိုင် မသိရသောကြောင့် လည်းကောင်း၊ မခင်မြိုင်၏ မိဘဆွေမျိုးများက သိုဝှက်၍ထားသောကြောင့်လည်းကောင်း မဖော်ပြဘဲ ထားခဲ့ကြလေသည်။

www.burmeseclassic.com



ဆရာမ မခင်မြိုင် သေဆုံးပြီးသည့်နောက် ခြောက်လခန့် အတွင်းတွင် မြေပိုင်ရှင် ဦးထွန်းကျော်၏သား မောင်ညွှန့်ဖူးသည် အတွင်းဝန်ကြီး၏ ရုံးစာရေးကြီး ဦးတိုက်စိုး၏သမီး မစိန်ရီနှင့် ချစ်ခင် စုံမက်ကြသဖြင့် ဝါကျွတ်သောအခါတွင် လက်ထပ်ရန် စီမံပြီးဖြစ်၏။ ကျွန်ုပ်တို့ ရေးသားဖော်ပြသော အခါသည်ကား သီတင်းကျွတ်လဆန်းစဖြစ်၍ မောင်ညွှန့်ဖူးနှင့် မစိန်ရီတို့ မင်္ဂလာဆောင်နှင်းရန် အချိန်နီးကပ်ခဲ့လေပြီ။ ထိုအတောအတွင်း၌ မောင်ညွှန့်ဖူးသည် ဥဩထံမှ စာတစ်စောင် ရရှိလေ၏။ ၎င်းစာမှာကား–

"မစိန်ရီနှင့် လက်ထပ်ခဲ့လျှင် ရှိသမျှပစ္စည်း ဆုံးရှုံးစေမည်"

ဥဩ

မောင်ညွှန့်ဖူးမှာ မြေပိုင်ရှင် သူဌေး ဦးထွန်းကျော်နှင့် မိခင် ဒေါ်အေးမေတို့ သေဆုံးပြီးနောက် နှမ မတင်မေနှင့်အတူ ရန်ကုန်မြို့ ၅၂ လမ်းတွင် နေထိုင်လျက်ရှိရာ အမွေရရှိသော လယ်မြေများကို ကိုယ်တိုင်အုပ်ချုပ် လုပ်ကိုင်ခြင်းငှာ ဝါသနာမပါသည်ဖြစ်သောကြောင့် အများအားဖြင့် ရောင်းချ၍ တစ်သိန်းကျော်မျှသောငွေများကို အင်ပီရီယယ်ဘဏ်တိုက်၌ အပ်နှံထားခဲ့လေသည်။ ဥဩ ခြိမ်းခြောက်သည့်အတိုင်း 'ရှိသမျှပစ္စည်း ဆုံးရှုံးစေမည်'ဆိုရာ၌ ရောင်းမစွံသော လယ်ကေ အနည်းငယ်မျှနှင့် ဘဏ်တိုက်တွင် အပ်နှံထားသော ငွေတစ်သိန်းကျော်ကို ဆိုလိုဟန် လက္ခဏာရှိလေသည်။

မောင်ညွှန့်ဖူးနှင့် မတင်မေတို့မှာ အထူးသဖြင့် ချစ်ခင်ကြင်နာသော မောင်နှမဖြစ်လေရကား မိဘနှစ်ပါးပင် သေဆုံးငြားသော်လည်း ပစ္စည်းများကို ခွဲဝေခြင်းမပြုဘဲ မောင်ညွှန့်ဖူးကပင် အုပ်ချုပ်ထိန်းသိမ်းလျက်ရှိ၏။ မောင်နှမ နှစ်ယောက်လုံးတို့မှာ ဖြူစင်[illegible]င်း၍ အထူး



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် လူရည်သန့်သော ရုပ်လက္ခဏာ ရှိကြသည်ဖြစ်ရာ အသက်မှာ ၂၅ နှစ်သားနှင့် ၁၈ နှစ်သမီး ဖြစ်ကြလေသည်။ ယင်းကဲ့သို့ အသက်ချင်း ကွာခြားသည့်အတွက်ကြောင့်လည်း နုမ မတင်မေသည် မောင်ညွှန့်ဖူးအား မောင်မျှမက ဖခင်ကဲ့သို့ပင် ယုံကြည်အားထားသည်ဖြစ်၍ အမွေခွဲဝေခြင်းမပြုဘဲ တစ်ဦးတည်းအမည်နှင့် ဘဏ်တွင်အပ်နှံထားခဲ့ခြင်း ဖြစ်လေသည်။

မောင်ညွှန့်ဖူးသည် ဥညြ၏စာကို ရပြီးနောက် နုမ မတင်မေနှင့်လည်းကောင်း၊ ရည်းစား မစိန်ရီနှင့်လည်းကောင်း တိုင်ပင်ပြီးလျှင် မိမိနှင့်ကျောင်းနေဖက် သူငယ်ချင်း ဖြစ်ခဲ့ဖူးသော စုံထောက်အင်စပက်တော် မောင်ထွန်းအုံအား အဖြစ်အပျက်ကို ပြောဆိုတိုင်ပင်တန်းရန် ဆုံးဖြတ်ကြလေ၏။ သို့ဖြစ်သောကြောင့် သီတင်းကျွတ်လဆန်း ၈ ရက်နေ့ည ကိုးနာရီခွဲအချိန်တွင် မောင်ညွှန့်ဖူး၊ မစိန်ရီနှင့် မတင်မေတို့သည် ဘိုင်စကုတ်မှအပြန် စုံထောက်အင်စပက်တော် မောင်ထွန်းအုံ၏ နေအိမ်သို့ ကားတစ်စီးနှင့် ဆိုက်ရောက်လာကြလေ၏။ ■



www.burmeseclassic.com

www.burmeseclassic.com



## [၂]

**စုံထောက်အင်စပက်တော်** မောင်ထွန်းအုံမှာ ရဲအမှုထမ်းရိုးရာ ဖြစ်သည့် **အလျောက်** **အင်္ဂလိပ်ကျောင်း**မှ ထွက်သောအခါတွင် မန္တလေးမြို့ **ဆပ်ကျောင်း**၌ ရဲအတတ်ကို သင်ပြီးနောက် စုံထောက်ဘက်သို့ **ကူးပြောင်းအမှုထမ်း**ရွက်ခဲ့လေသည်။ ထိုသူမှာ သာမည စုံထောက်များ **ထက်** ထက်မြက်သော အရည်အချင်းနှင့် ပြည့်စုံသည်ဟု အထက် **အရာရှိများ**က အယူရှိသည်အလျောက် နှစ်ပေါင်းများစွာ မကြာမြင့်မီပင် **အင်စပိတ်**တော်ရာထူးသို့ တိုးတက်ချီးမြှင့်ခြင်း ခံရသည်ဖြစ်ရာ ခက်ခဲ **နက်နဲ**သောအမှုများ ပေါ်ပေါက်သည့်အခါတိုင်း အထက်အရာရှိကြီးများ **သည်** မောင်ထွန်းအုံသို့ လွှဲအပ်စေခိုင်းတတ်ကြလေသည်။

မောင်ထွန်းအုံသည် မောင်ညွန့်ဖူးနှင့် ကျောင်းနေဖက် သူငယ်ချင်းဖြစ်ဖူးရုံမျှမက အထူးသဖြင့်လည်း ချစ်ကျွမ်းဝင်ခဲ့ကြသည်ဖြစ်သော ကြောင့် ကျောင်းပိတ်သောရက်များတွင် မောင်ညွန့်ဖူး၏ မိဘများ ရှိစဉ်က ၎င်းတို့၏နေအိမ်သို့ ညဉ့်အိပ်ညဉ့်နေ သွားရောက်တည်းခို စားသောက်နေထိုင်ခဲ့ဖူးသည် ဖြစ်ရကား မတင်မေနှင့်လည်း ငယ်ရွယ် စဉ်ကပင် သိကျွမ်းခဲ့ကြလေသည်။

ထိုညဉ့်၌ မောင်ထွန်းအုံသည် ရှိုင်ယယ်ဟိုတယ်မှ ဘီလိယက် ကစား၍ ပြန်လာပြီးနောက် ခုနစ်ရက်တစ်ပတ် ဒိုင်ယာရီကို စီစဉ် ရေးသားလျက်ရှိစဉ် ညွှန်းသည်သုံးယောက်တို့သည် တိုက်ပေါ်သို့ တက် လာကြလေ၏။ သူငယ်ချင်းနှစ်ယောက်တို့မှာ တစ်မြို့တည်း၌ အတူ နေဖြစ်သော်လည်း လုပ်ငန်းချင်းမတူသည်ဖြစ်သောကြောင့် မတွေ့ဆုံ ကြသည်မှာ အတန်ကြာလေပြီဖြစ်ရကား ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက် ကြလေ၏။ ၎င်းနောက် မောင်ညွန့်ဖူးက မိမိရည်းစား မစိန်ရီနှင့် အသိ အကျွမ်းဖွဲ့ပေး၍ နမ မတင်မေကို ပြသောအခါ မောင်ထွန်းအုံသည် အံ့အားသင့်လျက်ရှိ၏။ အကြောင်းသော်ကား မတင်မေကို နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



တွေ့မြင်ရသောအခါက ဤမိန်းကလေးမှာ 'ကာလန်ကလား' နှင့် အချိုး အစားမကျသော သူငယ်မကလေးမျှ ဖြစ်လေရာ ယခုအခါ၌ကား လုံးကြီးပေါက်လှနှင့် ကြည်ရွှင်သော မျက်နှာထားရှိလျက် ချစ်ခင်ဖွယ် ကောင်းလှသော မိန်းမပျိုတစ်ယောက် ဖြစ်လာသည်ကို တွေ့မြင် ရပေသောကြောင့်ပေတည်း။ မစိန်ရီ၏ ရုပ်အဆင်းမှာမူ ဆိုဖွယ် မရှိတော့ချေ။ မောင်ထွန်းအုံသည် မောင်ညွှန့်ဖူးနှင့် လက်ထပ်မည့် ဆဲဆဲရှိသော ဆရာမ မခင်မြိုင်ကို မြင်ဖူးသဖြင့် သူငယ်ချင်းအား 'တယ်ကံကောင်းတဲ့ လူတစ်ယောက်ပဲဗျာ' ဟု ချီးမွမ်းဖူးရာ ယခုမှာကား 'အထူးကံကောင်းတဲ့ လူတစ်ယောက်ပဲဗျို့' ဟူ၍ ချီးမွမ်းမိပြန်၏။

ထွေရာလေးပါး စကားတို့ကို ရယ်မောပြောဆိုကြသဖြင့် မောင် ထွန်းအုံနှင့် မိန်းကလေးနှစ်ယောက်တို့မှာ အတော်အတန် မိတ်ကျွမ်း တဝင် ရှိလာကြသောအခါတွင် မောင်ညွှန့်ဖူးသည် တစ်ခုသော စကား လက်စသတ်ပြီးသည့် အဆုံး၌ ဉာဏ်ထံမှရသော စာအကြောင်းကို ပြောပြလေ၏။ ထိုအခါ မောင်ထွန်းအုံက မိမိသည် သုံးပွင့်ဆိုင်အသင်း ၏ ခေါင်းဆောင် ဉာဏ်၏သတင်းကို ကြားရဖူးသော်လည်း ၎င်း၏ အမှုနှင့်ပတ်သက်၍ တစ်ကြိမ်တစ်ခါမျှ စုံထောက်ရသည့် အခွင့်အရေး မကြုံကြိုက်ခဲ့ကြောင်း၊ ဉာဏ်ဆိုသူမှာ သာမည လူဆိုးတစ်ယောက် မဟုတ်၊ အင်္ဂလိပ်စာ ကောင်းစွာတတ်ကျွမ်း၍ အနောက်နိုင်ငံရှိ လူဆိုး အသင်းများ၏ အတ္ထုပ္ပတ္တိကို အင်္ဂလိပ်စာအုပ်များ၌ ဖတ်ရှုပြီးလျှင် ကျနအောင်သင်ယူထားသော လူတစ်ယောက်ဖြစ်သည် ဟူ၍လည်း ရဲဖက်၌ သတင်းဖြစ်ပွားနေကြောင်း၊ မိမိမှာ နက်နဲခက်ခဲသော အမှု များကို စုံထောက်ခြင်း၌ အထူးပင် ဝါသနာပါသည်ဖြစ်သောကြောင့် မိတ်ဆွေစစ်တစ်ယောက်၏ ကိစ္စကို ဆောင်ရွက်ရင်း ယခုကဲ့သို့ ဉာဏ် ကို ခြေရာခံဖို့ အခွင့်ပေါ်ပေါက်လာသည်ကို အထူးပင် ဝမ်းမြောက် ကြောင်း၊ မိမိ၌ ထက်မြက်သောဉာဏ်ရှိသည်ဟု အထက်လူကြီးများ

www.burmeseclassic.com



ချိန်းမှမ်းကြသည့်အတိုင်း ချိုးမွမ်းခြင်းခံထိုက်သူ ဖြစ်ပါလျှင် ဥသြသည် မည်သူမည်ဝါဖြစ်သည်ကို ပေါ်ပေါက်အောင် စုံထောက်ပေးနိုင်မည် ဖြစ်ကြောင်း၊ မစိန်ရီနှင့် လက်ထပ်ဖို့ကိစ္စမှာမူ အနည်းငယ်မျှ ဆိုင်းတွ ဖင့်ခြင်းမရှိဘဲ ဆောင်နှင်းမြဲတိုင်း ဆောင်နှင်းကြဖို့ အကြောင်းနှင့် ပြောပြလေ၏။

မောင်ညွှန့်ဖူးကလည်း ဤကိစ္စနှင့်ပတ်သက်၍ ကုန်ကျသမျှ စရိတ်ငွေကို မိမိက တာဝန်ခံပါမည့်အကြောင်းနှင့် ကတိထားရာတွင် မောင်ထွန်းအုံက ဥသြနှင့်ပတ်သက်၍ နောင် ဖြစ်ပျက်သမျှသော အကြောင်းအရာကို မိမိထံ မဆိုင်းမလင့်ဘဲ ချက်ချင်းသတင်းပေးပို့ ပါရန် အကြောင်းနှင့် သတိပေးလေ၏။ ၎င်းနောက် ဧည့်သည် သုံး ယောက်တို့သည် အချိန်လင့်ပြီဖြစ်သောကြောင့် မောင်ထွန်းအုံအား နှုတ်ဆက်၍ တိုက်ပေါ်မှဆင်းလာကြလေရာ မောင်ထွန်းအုံလည်း တိုက် အောက်သို့ရောက်အောင် လိုက်၍ပို့လေ၏။

မောင်ညွှန့်ဖူးတို့၏ကား ထွက်သွားပြီးနောက် မောင်ထွန်းအုံသည် တိုက်ရှေ့တွင်ရပ်ကာ ကားကိုငေးမျှော်လျက် ကြည့်နေရာမှ ရုတ်တရက် တိုက်ဖက်သို့ လှည့်လိုက်သည်တွင် ခရီးသွားတစ်ယောက်နှင့် တိုက်မိ လေ၏။ မောင်ထွန်းအုံက မိမိငေးသည့်အတွက်ကြောင့် တိုက်မိခြင်း ဖြစ်၍ ယဉ်ကျေးသော သူတို့၏ ထုံးစံအတိုင်း တောင်းပန်စကား ပြောကြားမည်ပြုရာတွင် ထိုလူသည် အနည်းငယ်မျှ ရပ်တန့် ဆိုင်းလင့် ခြင်းမပြုဘဲ အရေးကြီးလှသော ကိစ္စရှိသည့်လက္ခဏာနှင့် ခပ်သုတ်သုတ် လျှောက်သွားလေ၏။

၎င်းနောက် မောင်ထွန်းအုံသည် တိုက်ပေါ်သို့တက်လာ၍ အိပ်ရာ သို့ဝင်မည်ဟု ရှပ်အင်္ကျီကိုချွတ်ရာတွင် ရှပ်အင်္ကျီထဲ၌ ခလုနေသော အရာတစ်ခုကို စမ်းမိလေ၏။ မောင်ထွန်းအုံသည် ထိုအရာကို အင်္ကျီမှ နှိုက်ယူ၍ ကြည့်သောအခါ ဂျပန်ဆိုင်၌ရောင်းသော ကျွဲကော်ရုပ်



www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ရုပ်ဖြစ်ကြောင်း တွေ့ရသဖြင့် အံ့သြလျက်ရှိရာမှ အရုပ်ငယ်၏ခါးတွင် ပတ်ထားသော စက္ကူရွက်ကို ဖြေကြည့်ရာ အောက်ပါစာကို တွေ့ရလေ၏။

"မဆိုင်သူ ဝင်မစွက်နှင့်"

မောင်ထွန်းအုံသည် ထိုစာကိုမြင်ရသောအခါ လက်မှတ်ပင် မပါသော်လည်း ဉာဏ်ထံမှစာဖြစ်ကြောင်း ရိပ်မိသော်လည်း မည်သည့်နည်းနှင့် မိမိ၏အိတ်ထဲသို့ ရောက်နေသည့်အကြောင်းကို ရုတ်တရက် မတွေးနိုင်သောကြောင့် အံ့အားသင့်လျက်ရှိနေ၏။ ထို့နောက်မှ တိုက်ရှေ့တွင် လူတစ်ယောက်နှင့် တိုက်မိသည့်အဖြစ်ကို သတိရ၍ ဉာဏ်ဆိုသူသည် နာမည်ကြီးသလောက် ရဲရင့်သောသတ္တိရှိ၍ မနှောင့်မနှေး၊ မဆိုင်းမတွဘဲ တွင်ကျယ်အောင် အလုပ်လုပ်မည့်ပုဂ္ဂိုလ်ပေတကားဟု စိတ်၌ချီးမွမ်းမိလေ၏။ ■



www.burmeseclassic.com

www.burmeseclassic.com



# [၃]

**သီတင်းကျွတ်လဆုတ်** ၅ ရက်နေ့သည်ကား မောင်ညွန့်ဖူးနှင့် အတွင်းဝန်ရုံးစာရေးကြီး ဦးတိုက်စိုး၏သမီး မစိန်ရီတို့ မင်္ဂလာဆောင်နှင်းမည့်နေ့ဖြစ်လေရာ နံနက် ၁၁ နာရီအချိန်ခန့်တွင် ဦးတိုက်စိုး နေထိုင်ရာဖြစ်သော ကရိုလမ်း၌ မော်တော်ကားများ ရှုပ်ထွေးလျက်ရှိနေ၏။ ၁၂ နာရီအချိန်ခန့်တွင် အထက်တန်းမြန်မာလူမျိုးတို့၏ ထုံးစံအတိုင်း ပုဏ္ဏားများကို ပင့်ဖိတ်၍ လက်ထပ်မင်္ဂလာ အခမ်းအနား ကျင်းပရန်ဖြစ်၏။

ယောက်ျားဧည့်သည်ပရိသတ်များကို အိမ်ရှေ့ရှိ မဏ္ဍပ်ကြီး၌ဧည့်ခံ၍ မိန်းမပရိသတ်များကိုမူ အိမ်အောက်ထပ်၌ ဧည့်ခံလေ၏။ ၁၁ နာရီခွဲအချိန်ခန့်တွင် သတို့သားသည် အိမ်ပေါ်သို့တက်သွားလေရာ ၁၂ နာရီထိုးသဖြင့် ပုဏ္ဏားများနှင့် လက်ထပ်ခြင်းအခမ်းအနား ကျင်းပမည်ပြုရာတွင် သတို့သားလည်း မရှိတော့ချေ။ ဧည့်သည်များလည်း အုတ်အုတ်ကျက်ကျက် ဖြစ်သွား၍ နေအိမ်အထက်ထပ်၊ အောက်ထပ် အနှံ့အပြားရှာဖွေကြပါသော်လည်း သတို့သား၏ အစအနကိုမျှ မမြင်ကြရချေ။ ဧည့်သည်တစ်ယောက်ကမူ ၁၁ နာရီခွဲ အချိန်ခန့်တွင် သတို့သားအိမ်ပေါ်သို့ တက်သွားသည်ကို သတိပြုမိကြောင်းနှင့် ပြောဆိုသဖြင့် အများသိကြရ၏။

၎င်းမင်္ဂလာဆောင်၌ အင်စပက်တော် မောင်ထွန်းအုံလည်း ရှိနေသည်ဖြစ်ရာ ဤသည်ကား ဥသြ၏ လက်ချက်ပေတည်းဟု တွေးထင်မိသဖြင့် သူငယ်ချင်းအတွက် များစွာ စိုးရိမ်ခြင်းဖြစ်၏။ ဧည့်သည်တို့လည်း နာရီဝက်မျှ ကြာသည့်တိုင်အောင် စောင့်ဆိုင်းနေကြပြီးနောက် သတို့သားသည် နောက်ဆုံးအချိန်တွင်မှ စိတ်ပြောင်းလဲခြင်းဖြစ်၍ တမင်တိမ်းရှောင်သွားခြင်း ဖြစ်ချေသည်ဟု တွေးတောကြပြီးလျှင် အသီးအသီး အိမ်သို့ပြန်ကြလေ၏။ ဥသြ၏ လက်ချက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မည်ဟု တွေးတောမိသူများကား မောင်ထွန်းအုံ၊ မတင်မေနှင့် မစိန်ရီတို့သာလျှင် ဖြစ်လေသည်။ အခြားဧည့်သည်များ ပြန်သွားကြသော်လည်း မောင်ထွန်းအုံသည် တစ်ယောက်တည်း ချန်လှပ်၍နေခဲ့ပြီးလျှင် မိန်းကလေးနှစ်ယောက်တို့အား မိမိ၏ ထင်မြင်ချက်ကို ပြောပြ၍ သူငယ်ချင်း မောင်ညွှန့်ဖူးကို ပြန်၍မတွေ့သမျှ ကာလပတ်လုံး မအိပ်မနေ နေ့ရောညဥ့်ပါကြိုးစား၍ စုံထောက်ပါမည့်အကြောင်းနှင့် ဝန်ခံကတိထားပြီးမှ ပြန်လာခဲ့လေ၏။

နောက်တစ်နေ့၌ မောင်ထွန်းအုံသည် အထက်အရာရှိကြီးအား မောင်ညွှန့်ဖူး ပျောက်ဆုံးရခြင်းမှာ သုံးပွင့်ဆိုင်အသင်း၏ လက်ချက်ဖြစ်ကြောင်းနှင့်တကွ အဖြစ်အပျက်ကို ရေလည်အောင်ပြောပြပြီးလျှင် ထိုအမှုအတွက် မိမိအားလွှဲအပ်ရန် အခွင့်တောင်းလေရာ အထက်လူကြီးသည် တောင်းဆိုသည့်အတိုင်း ခွင့်ပြုလိုက်လေ၏။ ■



www.burmeseclassic.com

www.burmeseclassic.com



## [၄]

နောက်တစ်နေ့ညနေ၌ မစိန်ရီသည် အင်စပက်တော် မောင်ထွန်းအုံ၏ နေအိမ်သို့လာရောက်၍ မိမိ၏သားရေအိတ်အတွင်းမှ တွေ့သော စိန်နားကပ်တစ်ရံကို ပြလေ၏။ စိန်နားကပ်မှာ တစ်ဖက်လျှင် ရတီချိန် ၂၀ ခန့်မျှရှိ၍ မှတ်ထမှတ်ထူးစိန်ဖြင့် ပြုလုပ်ထားသည် ဖြစ်သောကြောင့် သူဌေးတစ်ဦးတစ်ယောက် တင်သလိုက်သော ခန်းဝင်ပစ္စည်း ဖြစ်လောက်ပေသည်။ စင်စစ်မှာ မောင်ညွှန့်ဖူးသည် သတို့သမီး မစိန်ရီအား မည်သည့်ပစ္စည်း တင်သမည်ဟူ၍ ဝန်ခံဖူးခြင်းမရှိ။ မစိန်ရီတို့ သားအဖကလည်း မည်၍မည်မျှ တင်သရမည်ဟူ၍ တောင်းဆိုခြင်းလည်း မရှိဖူးချေ။ သို့ရာတွင် မောင်ညွှန့်ဖူး၏ ရက်ရောသော သဘောကို သိကြပြီးဖြစ်သောကြောင့် 'မရိုင်းပေဘူး'ဟု အောက်မေ့ကာ မင်္ဂလာဆောင်သောနေ့၌ အဖိုးတန်ပစ္စည်း တစ်စုံတစ်ခု တင်သလိမ့်မည်ဟူ၍ အားလုံးကပင် မျှော်လင့်လျက်ရှိကြလေသည်။ သို့ဖြစ်သောကြောင့် ၎င်းစိန်နားကပ်ကြီးမှာ မောင်ညွှန့်ဖူးက မစိန်ရီအား ခန်းဝင်ပစ္စည်းအဖြစ်နှင့် တင်သရန် ရည်ရွယ်ဟန် လက္ခဏာရှိလေရာ မောင်ညွှန့်ဖူးသည် ထိုနေ့က သုံးပွင့်ဆိုင်အသင်း၏လက်သို့ ရောက်မည့်ဆဲဆဲတွင် မိမိ၏ အိတ်တွင်း၌ရှိသော စိန်နားကပ်ကို မစိန်ရီ၏ သားရေသေတ္တာအတွင်းသို့ ကပျာကယာအရေးတကြီးနှင့် ထားခဲ့ရခြင်းဖြစ်သည်ဟု မောင်ထွန်းအုံက တွေးထင်ချက်ရလေသည်။

မောင်ထွန်းအုံသည် မိမိ၏သူငယ်ချင်း မောင်ညွှန့်ဖူးကို မတွေ့မချင်း မနားမနေ လိုက်လံစုံထောက်ပါမည့်အကြောင်းနှင့် ထပ်လောင်း၍ ဝန်ခံရာတွင် မစိန်ရီသည် အိမ်သို့ပြန်လာခဲ့လေ၏။

မစိန်ရီပြန်သွားပြီးနောက် ၁၀ မိနစ်ခန့်အတွင်းတွင် မောင်ထွန်းအုံသည် တယ်လီဖုန်းမှ နှိုးစက်သံ ကြားသည်နှင့် နားထောင်ရာ 'မောင်ညွှန့်ဖူး စာရေးစားပွဲ အထက်ဆုံးအံဆွဲကို ချက်ချင်းသွားပြီး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်းပါ’ဟု ပြောသံကြားရလေ၏။ ထိုအသံမှာ မောင်ညွန့်ဖူးအသံနှင့် တူသော်လည်း မောင်ညွန့်ဖူးအသံဖြစ်သည်ဟု မောင်ထွန်းအုံက မထင်ချေ။ မောင်ထွန်းအုံသည် တယ်လီဖုန်းကို ချထားပြီးနောက် မောင်ညွန့်ဖူး၏ နေအိမ်ရှိရာ ၅၂ လမ်းသို့ တက္ကစီနှင့် လိုက်ချင်းသွားရာ မတင်မေလည်း မောင်ညွန့်ဖူး စာကြည့်ခန်းတွင်းရှိ စာရေးစားပွဲကို ပြသဖြင့် မောင်ထွန်းအုံက အထက်ဆုံးအံဆွဲကို ဆွဲကြည့်ရာ သော့ခတ်ထားသည်ကို တွေ့ရ၏။ သော့ကိုမေးသော်လည်း မတင်မေ မသိချေ။ သို့ဖြစ်၍ မောင်ထွန်းအုံသည် မတင်မေထံ အခွင့်တောင်းပြီးလျှင် အံဆွဲကို အတင်းဖွင့်ရန် စီမံလေ၏။

လက်နက်ကိရိယာများကို ရှာဖွေငှားရမ်းပြီးနောက် မောင်ထွန်းအုံသည် တူ၊ ဆောက် စသော လက်နက်များနှင့် စားပွဲအံဆွဲကို ရိုက်၍ဖွင့်လေ၏။ အံဆွဲတွင် အပေါက်ငယ်ဖြစ်အောင် ဆောက်နှင့်နှက်မိသည်နှင့် တစ်ပြိုက်နက် အတွင်းမှ မီးခိုးများ ပေါ်ထွက်လာသည်ကို မောင်ထွန်းအုံနှင့် မတင်မေတို့သည် အံ့သြစွာနှင့် တွေ့ကြရလေရာ အစေခံတစ်ယောက်အား ရေအင်တုံတစ်ခုယူခဲ့ရန် မှာထားပြီးနောက် မောင်ထွန်းအုံလည်း ဆက်လက်၍ဖွင့်ပြန်လေ၏။ အံဆွဲ၌ အပေါက်ကျယ်လာလေလေ မီးခိုးများသည် များသည်ထက်များ ထွက်လာပြန်ရာ မောင်ထွန်းအုံလည်း ဆောက်နှင့် လျင်မြန်စွာရိုက်နှက်သဖြင့် သော့အိမ်ကျိုးပြီးနောက် အံဆွဲကို ဆွဲလိုက်သောအခါ၌ကား အံဆွဲအတွင်း မီးလောင်၍ ပြာကျနေသော စက္ကူများကို တွေ့ရလေ၏။

စာရွက်များမှာ အားလုံးကျွမ်းနေပြီ ဖြစ်သောကြောင့် မည်သို့အရေးကြီးသော စာရွက်များဖြစ်သည်ကိုမျှ တွေးထင်ရန် မတတ်နိုင်ဘဲ ရှိနေခဲ့လေ၏။ ၎င်းနောက် မောင်ထွန်းအုံက ဤစာရွက်များသည် မောင်ညွန့်ဖူး၏ ပစ္စည်းဘဏ္ဍာနှင့် တနည်းနည်းအားဖြင့် ဆက်သွယ်



www.burmeseclassic.com

www.burmeseclassic.com



ခြင်းရှိရမည်ဟု တွေးတောမိသည်နှင့် မတင်မေအား မောင်ညွန့်ဖူး၏ ငွေများ အပ်နှံထားသော ဘဏ်တိုက်ကိုမေးမြန်းရာ မတင်မေက အင်ပီရီယယ်ဘဏ်တိုက်တွင် မောင်ညွန့်ဖူးတစ်ဦးတည်းအမည်နှင့် ငွေတစ်သိန်းကျော်မျှ အပ်နှံထားကြောင်းနှင့် ပြောပြလေ၏။ ■



www.burmeseclassic.com

www.burmeseclassic.com



## [၅]

နောက်တစ်နေ့၌ မောင်ထွန်းအုံသည် အင်ပီရီယယ် ဘဏ်တိုက်သို့ သွားရောက်၍ ဘဏ်တိုက်မန်နေဂျာ၏အခန်းသို့ ဝင်ပြီးလျှင် ၎င်းဘဏ်တွင် မောင်ညွှန့်ဖူး၏ငွေ မည်၍မည်မျှ အပ်နှံထားကြောင်း စုံစမ်းမေးမြန်းရာ မန်နေဂျာက မောင်ညွှန့်ဖူးသည် ထိုဘဏ်တွင် ငွေပေါင်း ၁,၀၅,၄၈၇ ကျပ်မျှ ယခင်က အပ်နှံထားဖူးသော်လည်း လွန်ခဲ့သောရက်အနည်းငယ်အတွင်းတွင် သုံးသောင်း တစ်ကြိမ်၊ လေးသောင်း တစ်ကြိမ်၊ သုံးသောင်းတစ်ကြိမ် စုစုပေါင်း သုံးကြိမ်မျှ ထုတ်ယူသွားသောကြောင့် ဘဏ်တိုက်၌ လက်ကျန်ငွေ ၅၄၈၇ ကျပ်မျှသာ ကျန်ရှိကြောင်းနှင့် ရှင်းလင်းပြောပြလေ၏။

မောင်ထွန်းအုံသည် မန်နေဂျာအား မိမိသိလိုသော အရာကို ပြောပြသည့်အတွက် ကျေးဇူးတင်ကြောင်းနှင့် ပြောပြီးနောက် ပြန်လာခဲ့ရာ လမ်းခရီး၌ မောင်ညွှန့်ဖူးသည် 'ဥညြ'၏ ခြိမ်းခြောက်သောစာအတွက်ကြောင့် ဘဏ်တိုက်၌အပ်နှံထားသော ငွေအတွက် စိုးရိမ်သည်ဖြစ်၍ လက်ကျန်အနည်းငယ်မျှသာ ချန်ထားပြီးလျှင် ဘဏ်မှ ထုတ်ယူ၍ မိမိ၏နေအိမ်၌ မီးခံသေတ္တာအတွင်း၌ ငွေများကို လုံခြုံစွာ သိုထားခြင်းဖြစ်မည်ဟု တွေးတောမိလေ၏။ သို့ဖြစ်၍ မောင်ထွန်းအုံသည် မောင်ညွှန့်ဖူး၏နေအိမ်သို့ သွားပြီးလျှင် မတင်မေအား အဖြစ်အပျက်ကိုပြောပြ၍ မီးခံသေတ္တာထားသောနေရာကို မေးမြန်းလေ၏။ မီးခံသေတ္တာမှာ မောင်ညွှန့်ဖူး၏ အိပ်ခန်းအတွင်း၌ထားသည် မှန်သော်လည်း သော့ကားမရှိချေ။ မီးခံသေတ္တာကိုဖွင့်ရန်မှာလည်း ယခင်က အံဆွဲကို ဖွင့်ရခြင်းကဲ့သို့ လွယ်ကူသည်မဟုတ်ချေ။ သို့ဖြစ်၍ မောင်ထွန်းအုံသည် ထိုမီးခံသေတ္တာဝယ်ယူသောတိုက်သို့သွား၍ မီးခံသေတ္တာများ ဖွင့်ခြင်းအတတ်၌ ကျွမ်းကျင်သော အလုပ်သမားတစ်ယောက်ကို ခေါ်ပြီးလျှင် သုံးနာရီတိုင်တိုင် ဖွင့်ကြသောအခါတွင် မီးခံသေတ္တာကြီး



www.burmeseclassic.com

www.burmeseclassic.com



ပွင့်သွားလေ၏။ သို့ဖြစ်သော်လည်း သေတ္တာအတွင်း၌ ငွေစက္ကူနှင့် တူသောစက္ကူတစ်ရွက်မျှ မတွေ့ရချေ။ မောင်ထွန်းအုံ၏ စူးရှထက်မြက်သော မျက်စိများသည် နံရံ၏နံဘေးတွင် တည်နေသော မြူများ၏ အခြေအနေကို မြင်သဖြင့် ထိုသေတ္တာအတွင်း၌ စက္ကူအမြောက်အမြား တစ်ဖန်ထုတ်ယူသွားခြင်း ဖြစ်ကြောင်းကို ရိပ်မိသိရှိရလေ၏။ ■



www.burmeseclassic.com

www.burmeseclassic.com



[၆]

နောက်တစ်နေ့၌ မစိန်ရီ၏ဖခင် ဦးတိုက်စိုးသည် အစိုးရကိစ္စနှင့် ပဲခူးမြို့သို့သွားရောက်စဉ် မစိန်ရီသည် နေအိမ်၌ ကျန်ရစ်ခဲ့၏။ ထိုည၌ မစိန်ရီသည် ထွေရာလေးပါးတို့ကို စိတ်ကူးမိသဖြင့် ရုတ်တရက် အိပ်မပျော်နိုင်ဘဲ သန်းခေါင်ကျော်သောအခါမှ မှေးကနဲအိပ်ပျော်၍ သွား၏။ ထိုသို့ရှိစဉ် အိမ်ရှေ့ဝရန်တာသို့ မျှော်ကြည့်ရာတွင် ပန်းအိုးများအကြား၌ လူတစ်ယောက် ဝပ်နေသည်ကို တွေ့မြင်ရလေ၏။ သို့ပါသော်လည်း သတ္တိကောင်းသော မိန်းကလေးတစ်ယောက် ဖြစ်သဖြင့် ဟစ်အော်ခြင်းမပြုဘဲ ဦးသာဒွန်းနှင့် ကားမောင်းသမား မောင်ဘသိန်းတို့ရှိရာ အောက်ထပ်သို့ လျင်မြန်စွာ ဆင်းပြေးပြီးလျှင် ၎င်းတို့အားနှိုးခေါ်ပြီးမှ အိမ်ပေါ်သို့ သုံးယောက်သား အတူတက်လာကြလေ၏။

၎င်းနောက် မစိန်ရီ၏ ညွှန်ကြားချက်အရ ဦးသာဒွန်းနှင့် မောင်ဘသိန်းတို့သည် တုတ်တစ်ချောင်းစီကိုင်လျက် ပြတင်းပေါက်မှ ဝရန်တာသို့ မျှော်ကြည့်ကြရာ တစ်စုံတစ်ယောက်သော သူကိုမျှ မတွေ့ကြရချေ။ ထိုအခါမှ ရဲရင့်လာကြ၍ ပြတင်းပေါက်ကို ဖွင့်ပြီးလျှင် ဝရန်တာသို့ ထွက်ကြည့်ရာ ၎င်းတို့သည် ဝရန်တာအောက်သို့ ငုံ့ကြည့်မိသည်နှင့် တစ်ပြိုင်နက် လူတစ်ယောက်သည် ဝရန်တာအောက်မှ ထွက်လာ၍ လမ်းဘေးတွင်ရပ်လျက်ရှိသော မော်တော်ကား တစ်စီးပေါ်သို့ တက်သွားသည်ကိုတွေ့မြင်ကြရ၏။ ဦးသာဒွန်းနှင့် မောင်ဘသိန်းတို့လည်း အိမ်ပေါ်မှပြေးဆင်း၍ တံခါးကို ဖွင့်ပြီးလျှင် လမ်းဆီသို့ ပြေးသွားကြပါသော်လည်း မော်တော်ကားမှာ ထွက်သွားပြီဖြစ်သောကြောင့် နောက်ဖက်မှ မီးနီကလေးကို အဝေးမှသာလျှင် မြင်လိုက်ကြရလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



**နောက်တစ်နေ့၌** - မစိန်ရီသည် မောင်ထွန်းအုံ၏ နေအိမ်သို့ **သွား၍ ယမန်ညဉ့်က** အဖြစ်အပျက်ကို ပြောပြလေ၏။ မောင်ထွန်းအုံ **သည်** နေအိမ်သို့လိုက်လာ၍ စုံစမ်းကြည့်ရှုရာ မစိန်ရီနှီးနေသောကြောင့် ပစ္စည်းတစ်စုံတစ်ရာမျှ ပါမသွားကြောင်း သိရှိရသော်လည်း ထိုညဉ့်က သူခိုးမှာ အခြားသူမဟုတ် 'ဉာဏ်'၏ လူတစ်ယောက်သော်လည်း ကောင်း၊ ဉာဏ် ကိုယ်တိုင်သော် လည်းကောင်း ဖြစ်ရမည် ဟူ၍ မောင်ထွန်းအုံ တွေးထင်ချက်ရလေ၏။ မစိန်ရီတို့၏နေအိမ်၌ ရွှေငွေ ပစ္စည်း များစွာမရှိသောကြောင့် ဉာဏ်သည် ပစ္စည်းအတွက် လာခြင်း မဟုတ်၊ အခြားသော အကြံအစည်တစ်ခုခုနှင့် လာခြင်းဖြစ်ရမည် ဟူ၍ လည်း မောင်ထွန်းအုံ တွေးထင်မိလေ၏။ ■



www.burmeseclassic.com

www.burmeseclassic.com



[၇]

နောက်တစ်နေ့၌ မောင်ထွန်းအုံသည် ရုံးမှပြန်လာ၍ အိမ်သို့ ရောက်သောအခါတွင် စာတစ်စောင်ကို တွေ့ရှိလေ၏။ မေးမြန်းသောအခါ လူတစ်ယောက်လာ၍ ပေးသွားသည်ဟု ပြောပြလေရာ ၎င်းစာမှာ–

''ကိုညွှန့်ဖူးအတွက် တိုင်ပင်ရန်ရှိပါသောကြောင့် ယနေ့ညနေ ကျွန်မနေအိမ်သို့ ခေတ္တလာရောက်စေလိုပါသည်''

မစိန်ရီ

စာကိုဖတ်ပြီးသည်နှင့် တစ်ပြိုင်နက် မောင်ထွန်းအုံသည် မစိန်ရီ၏နေအိမ်သို့ လန်ချားတစ်စီးနှင့် သွားရောက်လေရာ နေအိမ်သို့ ရောက်သောအခါတွင် မစိန်ရီမှာ ယခုပင် အပြင်သို့ထွက်သွားကြောင်း၊ သို့ရာတွင် မောင်ထွန်းအုံလာလျှင် စောင့်ဆိုင်း၍နေရန်ပြောပါဟု မှာထားခဲ့ကြောင်းနှင့် ဦးသာဒွန်းက ပြောပြလေ၏။ မောင်ထွန်းအုံသည် ညေ့ခန်းတွင်ထိုင်လျက်စောင့်နေရင်း ဦးသာဒွန်းနှင့် စကားပြောနေလေ၏။ ၁၅ မိနစ်ခန့်ကြာသော်လည်း မစိန်ရီ မပြန်လာသေးဘဲရှိသည်ဖြင့် မောင်ထွန်းအုံသည် လက်ပတ်နာရီကို တကြည့်ကြည့်နှင့် ရှိနေသည်တွင် ...

ဒွန်း – ''အင်စပတ်တော်မင်းက ရုံးကအပြန် တစ်ခါတည်းတန်းလာခဲ့တယ်မှတ်တယ်''

အုံ – ''ဟုတ်တယ်''

ဒွန်း – ''ဒါဖြင့် အင်စပတ်တော်မင်း ဆာနေတော့မှာပေါ့၊ နေဦး၊ ကျွန်တော် ကော်ဖီတစ်ခွက်ဖျော်ပေးဦးမယ်'' ဟု ပြော၍ ထသွားပြီးလျှင် အတန်ငယ်ကြာသောအခါတွင် ကော်ဖီကရား၊ နို့ပန်းကန်၊ သကြားခွက်နှင့်တကွ ပန်းကန်တစ်လုံးပါလင်ပန်းနှင့် ပြင်ဆင်ယူခဲ့၍



www.burmeseclassic.com

www.burmeseclassic.com



ဘေးသို့ပေါ်၌ တည်ခင်းပေးလေ၏။ မောင်ထွန်းအုံသည် နွားနို့နှင့်သကြား တို့ကို ပန်းကန်တွင်စိတ်တိုင်းကျထည့်ပြီးမှ ကော်ဖီကို ရေလို လောင်း ထည့်လေ၏။ ၎ကော်ဖီကို ဇွန်းနှင့်မွှေပြီးနောက် မောင်ထွန်းအုံသည် သောက်သောအခါတွင် သက်တက်တက်ရှိသည်ဟု မှတ်ထင်မိသော် လည်း ကော်ဖီမှုန့်များသောကြောင့်ဖြစ်သည်ဟု ထင်မှတ်၍ ကုန်အောင် သောက်လိုက်၏။ ၎င်းနောက် ဦးသာဒွန်းနှင့် စကားဆက်လက်ပြောနေ ရာ မောင်ထွန်းအုံသည် ငိုက်ခနဲ ငိုက်ခနဲ သတိလစ်၍ သွားသလို တစ်ကြိမ်နှစ်ကြိမ်ဖြစ်ပြီးနောက် ပက်လက်ကုလားထိုင်ပေါ်တွင် အိပ် ပျော်၍သွားလေ၏။ ■



www.burmeseclassic.com

www.burmeseclassic.com



[၈]

မောင်ထွန်းအုံသည် အိပ်ရာမှနိုးလာသောအခါတွင် တံခါးကို ပြင်းထန်စွာ ခေါက်နေသော အသံများကို ကြားရလေ၏။ အသံရပ်စဲသော ခဏ၌ ကား "ဒီအထဲမှာ ဘယ်သူရှိသလဲ"ဟု ငေါက်ငန်း၍ မေးသောအသံကို လည်း ကြားရ၏။ မောင်ထွန်းအုံမှာ ထိုအသံများကို ကြားရသော်လည်း ဦးခေါင်းကိုလည်းမထူနိုင်၊ မျက်လုံးများကိုမှ ဖွင့်ရန်မတတ်ဘဲ အိပ်ရာ၌ လှဲလျက်သာနေမိ၏။ အပြင်မှလည်း ခေါက်ချည်တစ်ခါ ခေါ်ချည် တစ်လှည့်နှင့် ပြုလုပ်လျက်ရှိရာ မောင်ထွန်းအုံမှာ 'ငါဘယ်သို့ ရောက်နေ လေသနည်း'ဟု မျက်စိမဖွင့်သေးဘဲ စဉ်းစားလျက်ရှိ၏။ ထို့နောက်မှ မိမိ၌ရှိသောခွန်အားကို အစွမ်းကုန်ညှစ်ထုတ်၍ အိပ်ရာမှ ရုတ်တရက် ထပြီးလျှင် မျက်စိကိုဖွင့်ကြည့်လိုက်ရာ အလွန်ကျဉ်းမြောင်းလှသော အခန်းကလေးတစ်ခန်းအတွင်းရှိ ခုတင်တစ်ခုပေါ်တွင် ရောက်နေ ကြောင်း တွေ့ရှိရလေ၏။ ဓာတ်မီးတစ်ပွင့်သည် အမိုးပေါ်မှဆွဲလျက်ရှိရာ မိမိ၏အင်္ကျီမှာ ခုတင်ခြေရင်းတွင်တင်လျက် ဖိနပ်မှာ ခုတင်နံဘေး၌ ချထားသည်ကိုလည်း တွေ့ရှိရလေ၏။ ထိုအတောအတွင်း အပြင်မှ "အထဲမှာ ဘယ်သူရှိသလဲ၊ ဖွင့်စမ်းဟေ့" ဟု ဟစ်အော်ကာ မေးလျက် ရှိသဖြင့် မောင်ထွန်းအုံသည် ခုတင်ပေါ်မှထ၍ တံခါးကိုဖွင့်ရန် ကြိုးစား သော်လည်း သော့ခတ်၍ထားကြောင်း တွေ့ရ၏။

ထိုအခါ အပြင်မှအသံက "တယ် ကြာတယ်၊ အတင်းဖွင့်ဝင်ကြ ကွာ" အမိန့်ပေးသံကြားရပြီးနောက် ဒုန်းဒုန်းဒိုင်းဒိုင်းဟူသော အသံများ သည် နားကွဲမတတ် ဆူညံသွားလေရာ မကြာမီအတွင်းတွင် လက် ယှက်ကြိုး၍ တံခါးလည်းပွင့်သွားလေ၏။ နောက်တစ်ခဏ၌ ရဲသား လေးယောက်တို့သည် အခန်းတွင်းသို့ ဝင်လာကြလေ၏။ မောင်ထွန်းအုံ မှာ စုံထောက်ဘက်မှဖြစ်သောကြောင့် ထိုအင်စပိတ်တော်နှင့် ဌာနချင်း မတူသော်လည်း ဝင်လာသော အင်စပိတ်တော်သည် မောင်ထွန်းအုံ



www.burmeseclassic.com

www.burmeseclassic.com



ကို သီသာဖြင့် ၎င်းကိုမြင်သောအခါ၌ အံ့အားသင့်လျက်ရှိ၏။

"ဟင်၊ ကိုထွန်းအုံပါကလား၊ ခင်ဗျားဘယ့်နှယ် ဒီရောက်နေသလဲ"

"နေစမ်းပါဦးဗျ၊ ကျုပ်ဘယ်ရောက်နေတာလဲ၊ ပြောပြစမ်းပါဦးဗျ"

"ဒါဟာ အလိနိရဲ့ ကစားဝိုင်းဗျ၊ ကျုပ်တို့လာဖမ်းတာ၊ ခင်ဗျားဘယ့်နှယ် ဒီရောက်နေရသလဲ"

ထိုအခါ အလိနိဆိုသူ ကစားဝိုင်းရှင် တရုတ်က–

"သူ ဘယ့်နှယ်ရောက်မလဲ၊ သူဒီမှာနေတယ်၊ မတတ်နိုင်ဘူး အင်စပိတ်တော်မင်း၊ ကျွန်တော် အားလုံးဖော်ပြောလိုက်တော့မယ်"

ထိုအခါ မောင်ထွန်းအုံက ခေတ္တဆိုင်းရန်ပြော၍ ရေတစ်ခွက်ကို တောင်းပြီးလျှင် ဦးခေါင်း၊ လည်ကုတ်၊ မျက်နှာ စသည်တို့ကို ရေဖြင့် ဆွတ်ဖြန်းပြီးမှ–

အုံ – "ဘာပြောတယ်ပေါက်ဖော်၊ တစ်ခါပြန်ပြောပါဦး"

လိနိ – "ခင်ဗျား ဟန်လုပ်မနေပါနဲ့၊ အစိုးရဖမ်းလျှင် ခင်ဗျားက သတင်းပေးမယ်ဆိုလို့ ခင်ဗျားကို ကျုပ်တို့ လစဉ်ငွေပေးရတယ်မဟုတ်လား၊ အခုတော့ ခင်ဗျားလုပ်တာ ဘာကောင်းသလဲ၊ ကျုပ်တို့အားလုံး ဖမ်းကုန်ပြီ"

ထိုအခါ မောင်ထွန်းအုံသည် ဒေါသကြီးစွာနှင့် တရုတ်ကို လက်သီးနှင့် ထိုးမည်ပြုသည်တွင် ရဲအရာရှိသည် ပုလိပ်သားများအား တရုတ်ကို ခေါ်သွားစေ၍ တံခါးကိုပိတ်ပြီးမှ နှစ်ယောက်တည်း မေးမြန်းလေ၏။

လိပ် – မှန်မှန်သာ ပြောပါတော့မိတ်ဆွေ၊ ဌာနချင်းမတူသော်လည်း အသိအကျွမ်းချင်း ဖြစ်လေတော့ တတ်နိုင်သ၍ ကျွန်တော်ကူညီပါမယ်"

ထိုအခါ မောင်ထွန်းအုံက တရုတ်ပြောသောစကားများမှာ တစ်



www.burmeseclassic.com

www.burmeseclassic.com



ခွန်းမျှမမှန်၊ လုပ်ကြံ၍ပြောခြင်းမျှ ဖြစ်ကြောင်းနှင့်ပြော၍ မိမိသည် ပျောက်ဆုံးနေသူ မောင်ညွှန့်ဖူး၏ နေအိမ်တွင် ကော်ဖီတစ်ခွက်သောက်ပြီးရာမှ အိပ်ပျော်၍သွားကြောင်း၊ နိုးလာသောအခါတွင် ဤနေရာသို့ရောက်နေသည်ကို တွေ့ရကြောင်းများနှင့် ပြောပြလေ၏။ သို့ပါသော်လည်း ရဲအရာရှိသည် မောင်ထွန်းအုံ၏ စကားကို ယုံကြည်ဟန်လက္ခဏာမရှိချေ။ မောင်ထွန်းအုံသည် ထိုအကြောင်းကို ရိပ်မိသည်နှင့် ရဲအရာရှိအား အထက်လူကြီးများထံ ဤအိမ်၌ မိမိအား တွေ့ရပုံအဖြစ်အပျက်ကို ဟုတ်တိုင်းမှန်ရာ အစီရင်ခံဖို့အကြောင်း၊ မိမိက အထက်လူကြီးများ ကျေနပ်အောင်ရှင်းလင်း၍ ပြောပြမည်ဖြစ်ကြောင်းနှင့် ပြောပြလေ၏။

ရဲအရာရှိသည်လည်း မောင်ထွန်းအုံ ပြောသည့်အတိုင်း အထက်သို့ အစီရင်ခံလေရာ မောင်ထွန်းအုံသည် မိမိဌာနမှလူကြီးများအား ဟုတ်မှန်သည့်အတိုင်း ပြောပြရာတွင် လူကြီးများသည် မောင်ထွန်းအုံ၏ ရိုးဖြောင့်သောသဘောကို သိပြီးဖြစ်သောကြောင့် အလိန်၏စကားကို မယုံကြည်ဘဲ မောင်ထွန်းအုံ၏ စကားကိုသာလျှင် ယုံကြည်သည်ဖြစ်၍ အပြစ်မှ ချမ်းသာရာရလေ၏။ ■



www.burmeseclassic.com

www.burmeseclassic.com



## (၉)

**မောင်ထွန်းအုံသည်** မိမိ၏အဖြစ်အပျက်ကို ပြန်လှန်၍ ဆင်ခြင်သောအခါတွင် **စာရေးကြီးဦးတိုက်စိုးတို့အိမ်၌** ရှိနေစဉ်တွင် စာရေးကြီးဦးတိုက်စိုးတို့အိမ်၌နေသော . . . ဦးသာဒွန်းသည် ထိုနေ့က မိမိအား ကော်ဖီတိုက်ရာတွင် ကော်ဖီ၌ ဆေးခတ်၍ပေးခြင်းဖြစ်ကြောင်း၊ မိမိ အိပ်ပျော်သွားသောအခါတွင်မှ ကားပေါ်၌ တင်ပြီးလျှင် ကစားဝိုင်းဖမ်းမည့်အိမ်သို့ ဆောင်ယူသွားခြင်းဖြစ်ကြောင်း၊ ထိုသို့ပြုခြင်း မှာလည်း မိမိအား နာမည်ပျက်အောင်ရည်ရွယ်လျက် ပြုလုပ်ခဲ့ခြင်း ဖြစ်ဟန်တူကြောင်း၊ အကယ်၍ မိမိတွေးသည့်အတိုင်းမှန်ခဲ့လျှင် မိမိအား ပျက်စီးရာပျက်စီးကြောင်း ကြံစည်သောသူသည် ''ဥသြ''ပင် ဖြစ်ရမည့်အကြောင်း စသည်ဖြင့် စဉ်းစားတွေးတောမိ၏။ အကယ်၍ အထက်ပါအချက်များ မှန်ခဲ့လျှင် ဥသြဟူသောလူဆိုးသည် ဦးသာဒွန်းသော်လည်းကောင်း၊ တရုတ်အလိန်းသော်လည်းကောင်း ဖြစ်ရမည်ဟူ၍လည်း ဆင်ခြင်မိပြန်၏။

သို့ဖြစ်၍ မောင်ထွန်းအုံသည် ဦးသာဒွန်း၏အကြောင်းကို စုံစမ်းမေးမြန်းရန် မစိန်ရီ၏နေအိမ်သို့ သွားရောက်ရာ ဦးတိုက်စိုးသည် ပဲခူးမှ ပြန်ရောက်နေနှင့်လေပြီ။ မောင်ထွန်းအုံက ဦးသာဒွန်းရှိပါသလားဟုမေးရာ မစိန်ရီက ဦးသာဒွန်းမှာ ယမန်ညဉ့်ကပင် ထွက်သွား၍ ယခုတိုင် ပြန်မလာသေးကြောင်းနှင့် ပြန်ပြောလေ၏။

အုံ – ''မစိန်ရီက ကျုပ်ကို မနေ့ညနေက စာရေးပြီးခေါ်သလား''

ရီ – ''မခေါ်ရပါလားရှင်''

အုံ – (စာတစ်စောင်ကိုအိတ်မှထုတ်၍) ''ဒီလက်ရေး မစိန်ရီလက်ရေး မဟုတ်ဘူးလား''

ရီ – (အံ့သြစွာနှင့်) ''ဒီစာတော့ ကျွန်မလက်ရေးပဲ၊ သြော်တန်တော့ ကျွန်မသတိရပြီ၊ ဟိုနေ့က ရှင့်ဆီကိုလွှတ်ခေါ်ဖို့ စာတစ်



www.burmeseclassic.com

www.burmeseclassic.com



စောင်ရေးဖူးတယ်၊ ရေးပြီးမှ ကိုထွန်းအုံလည်း လာမှာပဲလေဆိုပြီး စာကိုမပို့ဘဲ စားပွဲပေါ်မှာ တင်ထားမိတယ်၊ နေပါဦး၊ ဒီစာရှင်ဆီ ဘယ့်နှယ် ရောက်သလဲ”

ထိုအခါ မောင်ထွန်းအုံသည် ယမန်ညဦးက မိမိ၏အဖြစ်အပျက်များကို ပြောပြလေရာ သားအဖနှစ်ယောက်တို့မှာ အံ့သြစွာနှင့် နားထောင်နေကြရှာလေ၏။

စိုး – “တယ်ခက်ကုန်ပါပြီ၊ ဥသြကဖြင့် ကျုပ်တို့ကို ကောင်းကောင်း ဒုက္ခပေးတော့တာပဲ၊ သမက်လောင်းပျောက်လိုပျောက်၊ ကျုပ်မရှိတုန်း အိမ်ကိုသူခိုးတက်လိုတက်၊ ကျုပ်တို့ကို ကူညီမယ့်မိတ်ဆွေကို နှိပ်စက်လိုနှိပ်စက်၊ တန်တော့ ဒီဟာတွေဟာ ဦးသာဒွန်းလက်ချက်ချည်းနဲ့တူတယ်၊ ကြည့်လိုက်တော့ ရိုးပုံရိုးလက်နဲ့မို့ သနားလို့လက်ခံမိပါတယ်ဗျာ၊ သူရောက်တာ ခြောက်လလောက်ရှိပါသေးတယ်”

၎င်းနောက် သားအဖနှစ်ယောက်တို့နှင့် မောင်ထွန်းအုံသည် ဥသြဆိုသူမှာ ဦးသာဒွန်း ဟုတ်နိုင် မဟုတ်နိုင်ကို တိုင်ပင်ဆွေးနွေးလျက်ရှိကြလေ၏။

မောင်ထွန်းအုံသည် ဦးသာဒွန်းကို ရှာဖွေဖို့ကြိုးစား၍ ကစားဝိုင်းထောင်မှုဖြစ်နေသော အလိန်အားလည်း ‘ဥသြ’အကြောင်းနှင့် ပတ်သက်၍ စစ်ဆေးမေးမြန်းပါသော်လည်း ကျေနပ်လောက်အောင် သတင်းမရချေ။ အလိန်ကမူ မိမိဘာမျှမသိရကြောင်းနှင့် ဘုရားကျွယ်လျက်ရှိလေ၏။ ■



www.burmeseclassic.com

www.burmeseclassic.com



## [၁၀]

**အင်းစပိတ်တော်** မောင်ထွန်းအုံ၏ နေအိမ်မှာ ဆိပ်ကမ်းသာလမ်းရှိ လေးထပ်တိုက်တစ်တိုက်၏ တတိယအထပ်ဖြစ်လေရာ ဦးတိုက်စိုး၏နေအိမ်မှ ပြန်လာပြီးသည့် နောက်တစ်နေ့နံနက်၌ မောင်ထွန်းအုံသည် အိပ်ရာမှထ၍ မျက်နှာသစ်ပြီးနောက် မျက်နှာကို မျက်နှာသုတ်ပုဝါနှင့်သုတ်ရင်း လမ်းဖက်သို့ မျှော်ကြည့်သည်တွင် မိုးကာအင်္ကျီဝတ်လျက် ဦးထုပ်ဆောင်းကာ လမ်းလျှောက်သွားနေသော လူတစ်ယောက်ကိုမြင်သဖြင့် မြင်ဖူးပါသည်ဟူ၍ အောက်မေ့မိ၏။ ၎င်းနောက် သေချာစွာစိုက်၍ ကြည့်မိသောအခါ၌ကား ပျောက်နေသောမိမိ၏ သူငယ်ချင်းမောင်ညွန့်ဖူးဖြစ်သည်ဟု ထင်သည်နှင့် ဟစ်အော်ကာ လက်ခုပ်တီးလျက်ခေါ်သော်လည်း ထိုသူသည် မော်၍မျှမကြည့်ချေ။ မောင်ထွန်းအုံသည် မှန်ပြောင်းကိုလှမ်းယူ၍ သေချာစွာကြည့်ပြန်ရာတွင် ဦးခေါင်းငုံ့ပုံ၊ လက်ရမ်းပုံ၊ ခြေလှမ်းပုံမှစ၍ မောင်ညွန့်ဖူးအစစ်ဖြစ် ကြောင်းကို ကျမ်းကိုင်၍ပြောဝံ့လောက်အောင် တပ်အပ်သေချာ ထင်ပြန်သည်နှင့် "ကိုညွန့်ဖူး၊ ကျွန်တော်ဒီမှာဗျ"ဟု အော်ဟစ်၍ ခေါ်ပြန်၏။ သို့ပါသော်လည်း ထိုသူသည် အခြားတစ်ဖက်ရှိ တိုက်များကိုသာ မော်ကြည့်ရင်း လျှောက်သွားလေ၏။ မောင်ထွန်းအုံ၏စိတ်ထဲ၌ ထိုသူသည် မိမိကခေါ်သောအခါ၌ ရှေးကထက်ပင် လျင်မြန်စွာ လျှောက်သွားသည်ဟု ထင်မိ၏။ ထိုအခါ မောင်ထွန်းအုံက ဟုတ်လျှင်ဟုတ်စေ၊ မဟုတ်လျှင်လည်း သေချာစွာသိရစေဟု အောက်မေ့လျက် ထိုသူနှင့်တွေ့ရန် တိုက်ပေါ်မှပြေးဆင်းလာရာ မြေကြီးသို့ ရောက်သောအခါတွင် ထိုသူသည် ကားတစ်စီးပေါ်သို့ တက်ဆဲရှိနေ၏။ မောင်ထွန်းအုံက ပြေး၍ လိုက်သောအခါ၌ကား မော်တော်ကားသည် အရှိန်ရ၍ ထွက်သွားနှင့်လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မောင်ထွန်းအုံမှာ အတွေးခက်လျက်ရှိ၏။ ထိုသူသည် မောင်ညွှန့်ဖူးဖြစ်ကြောင်းကိုကား အနည်းငယ်မျှ ယုံမှားခြင်းမရှိချေ။ မောင်ညွှန့်ဖူးသည် မိမိအား ယုံကြည်အားထားသည် မှန်ပါလျက် အိမ်ရှေ့သို့ ရောက်သောအခါမှ မသိဟန်ပြု၍ လျှောက်သွားရုံမျှမက မိမိက လိုက်၍ခေါ်သည်ကိုပင် ရှောင်တိမ်း၍ထွက်သွားခြင်းမှာ မစဉ်းစား တတ်အောင် ရှိနေရစ်လေ၏။

ထိုနေ့၌ မောင်ထွန်းအုံသည် မတင်မေ၏နေအိမ်သို့ သွားရောက်၍ နံနက်ကအဖြစ်အပျက်ကို ပြောပြသောအခါ နှမဖြစ်သူ မတင်မေမှာ မောင်ထွန်းအုံကဲ့သို့ပင် အံ့သြခြင်းဖြစ်သည်မှန်သော်ငြားလည်း မိမိ၏ မောင်သည် အသက်ရှင်လျက်ရှိ၍ လွတ်လပ်စွာ လမ်းလျှောက်နေနိုင်သည့်အဖြစ်ကို သိရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ရှာ၏။ ၎င်းနောက် မောင်ထွန်းအုံနှင့် မတင်မေတို့သည် မောင်ညွှန့်ဖူး၏အကြောင်းကို ဆက်လက်တိုင်ပင် ပြောဆိုနေကြစဉ် မောင်ထွန်းအုံသည် ညှိခန်း ပြတင်းပေါက်မှ လမ်းဖက်သို့ မျှော်ကြည့်လိုက်သောအခါ၌ မျက်စိစူး သော စုံထောက်အရာရှိဖြစ်သည့်အတိုင်း လမ်းပေါ်၌ရှိသော လူတစ်ယောက်ကို သင်္ကာမကင်းဖြစ်လာ၏။ ထိုသူသည် မတင်မေရှိရာ အိမ်အပေါ်ထပ်သို့ ရံဖန်ရံခါမော်ကြည့်လျက် ဆေးပြင်းလိပ်ကို ပါးစပ်တွင် ခဲကာ အကျီအိတ်တွင်လက်နှိုက်၍ အိမ်ရှေ့လမ်းတွင် ခေါက်တုန့် ခေါက်ပြန် လျှောက်နေသည်ကို မောင်ထွန်းအုံ သတိပြုမိ၏။ ထိုအခါ မောင်ထွန်းအုံက ''မတင်မေ၊ တိုက်ရှေ့ပြတင်းပေါက်နား မကပ်ဘဲ ၁၅ မိနစ်လောက် တိုက်တွင်းမှာ ထိုင်နေရစ်စမ်းပါ၊ ကျုပ် မကြာခင် ပြန်လာခဲ့မယ်''ဟု ပြောပြီးလျှင် တိုက်ပေါ်မှ ဆင်းသွားလေ၏။ မတင်မေမှာ မှာခဲ့သည့်အတိုင်း ပြတင်းပေါက်နားသို့မကပ်ဘဲ ထိုင်နေရစ်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်ထွန်းအုံသည် တိုက်ပေါ်မှဆင်းလာ၍ ထိုသူရှိရာသို့ လျှောက်သွားသည်နှင့်တစ်ပြိုင်နက် ထိုသူသည် မောင်ထွန်းအုံကို ကျောခိုင်းလျက် ရှေ့မှလျှောက်သွားလေ၏။ မောင်ထွန်းအုံသည်လည်း ထိုသူကို မီအောင်လိုက်လေရာ အိန်းသို့ရောက်သွားသည်နှင့် တစ်ပြိုင်နက် ထိုသူသည် မောင်ထွန်းအုံနှင့် မျက်နှာချင်းမဆိုင်လိုသော သဘောနှင့် မောင်ထွန်းအုံကို ကျောခိုင်းကာ လမ်းတစ်ဖက်သို့ ကူးသွားလေ၏။ မောင်ထွန်းအုံလည်း တစ်ဖက်သို့ ကူးလိုက်၍ ...

''ဟေ့ အသီ၊ မင်းဘယ်တုန်းက လွတ်လာသလဲ''

''လူမှားပြီထင်တယ်၊ ကျွန်တော် ဘသီ မဟုတ်ရပါတကား၊ ကျွန်တော့်နာမည် မောင်ဟန်ပါတဲ့''

''မင်းဘာလုပ်နေတာလဲ''

''မိတ်ဆွေတစ်ယောက် စောင့်နေပါတယ်''

''မင်းမိတ်ဆွေကလဲ လာခဲလှချေတကား၊ ကိုင်း သူမလာခင် ငါ့နောက်ခဏလိုက်ခဲ့စမ်း၊ ရီးတီးရားတားတော့ မလုပ်နဲ့နော်၊ ဟော ဒီမှာ ခြောက်လုံးပြူး မြင်ရဲ့လား''

''မဟုတ်ပါဘူး၊ ခင်ဗျားမှားပါလိမ့်မယ်၊ ကျွန်တော် ဘသီမဟုတ်ရပါဘူး'' ဟုပြောရင်း မောင်ထွန်းအုံ မျက်နှာထားကို မြင်သည်နှင့် ဟန်ဆောင်ခြင်းအလုပ်ကို လက်လျှော့လိုက်၏။ ထို့နောက် ''ဘာကိစ္စတုန်းဆရာ၊ ဆရာတို့လူစုက လူတစ်ဖက်သားကို ထောင်ကလွတ်ပြီးနေရင် မကြိုက်ချင်ဘူးမှတ်တယ်၊ ကျွန်တော့်ကို ဘာအပြစ်ရှိလို့ ဆရာခေါ်နိုင်သလဲ''

''ဟေ့၊ မင်းလာမလား မလာဘူးလား''

''လာပါမယ်ခင်ဗျား''ဟုပြော၍ မောင်ထွန်းအုံ၏နောက်မှ လိုက်လာလေ၏။ သို့ရာတွင် မောင်ထွန်းအုံသည် ထိုသူအား မိမိနောက်မှထား၍ လမ်းလျှောက်ခြင်းကို စိတ်မချသည်နှင့် အတူယှဉ်၍လျှောက်



www.burmeseclassic.com

www.burmeseclassic.com



ရန် ပြောလေရာ ဘသီလည်း ရင်ဘောင်တန်းလျှောက်လေ၏။ ဘသီမှာ အသားနက်ကြုတ်ကြုတ်၊ အရပ်ထောင်ထောင်မောင်းမောင်းနှင့် အားခွန်ဗလကောင်းသူတစ်ယောက် ဖြစ်သဖြင့် အတော်ပင် ကြောက်ဖွယ်ရာကောင်း၏။

ဘသီသည် မောင်ထွန်းအုံနှင့် အတူလိုက်လာစဉ် ရဲများနှင့် စုံထောက်များသည် ထောင်ထွက်များကို အပြစ်ရှာ၍ ညှဉ်းလိုကြကြောင်းများနှင့် ညည်းတွားပြောဆိုသည့်တွင် "တိတ်စမ်းပါကွယ် ဘသီ"ဟု မောင်ထွန်းအုံက ငေါက်လိုက်သည်နှင့် တိတ်သွားလေ၏။ ၎င်းအချိန်၌ ထိုလမ်းတွင် အတော်ပင် လူပြတ်လျက်ရှိရာ ဘသီသည် မောင်ထွန်းအုံနှင့်အတူ ယှဉ်တွဲလျက်လိုက်သွားစဉ် ဘာမပြောညာမပြောနှင့် ရုတ်တရက် မောင်ထွန်းအုံ၏ပါးချိတ်ကို လက်သီးနှင့် အားကုန်ကျုံး၍ ကော်သတ်လိုက်လေ၏။ သို့ရာတွင် မောင်ထွန်းအုံသည် ဘသီ၏အကြောင်းကို သိပြီးဖြစ်၍ သတိနှင့်လျှောက်လာခြင်းဖြစ်သောကြောင့် ဦးခေါင်းကိုမော့၍ပေးလိုက်ရာ ဘသီ၏လက်သီးသည် လေထဲ၌ ဝီကနဲမြည်လျက် ဗလာလွတ်ထွက်သွားလေ၏။ နောက်တစ်ခဏ၌ မောင်ထွန်းအုံသည် ဘသီ၏ခြေသလုံးကို မိမိ၏ဒူးနှင့်တေးထား၍ လည်ပင်းကို တွန်းလှန်လိုက်ရာ ဘသီသည် မြေပေါ်၌ ပက်လက်လန်လျက် လဲသွားလေ၏။ ဘသီသည် မြေကြီးကို နောက်စေ့နှင့်ရိုက်မိသဖြင့် မူးဝေခြင်းမပျောက်မီပင် မောင်ထွန်းအုံသည် ဘသီ၏လက်များကို လက်ထိပ်ခတ်ပြီး ဖြစ်နှင့်၏။

ဌာနသို့ ရောက်သောအခါတွင် ရဲများသည် ဘသီ၏အကျီအိတ်များကို ရှာဖွေရာ ခြောက်လက်မခန့်ရှိသော မောင်းချဓားကြီးတစ်စင်းကို တွေ့ရှိလေ၏။ မောင်ထွန်းအုံက ဘသီအား မသင်္ကာမှုနှင့် ဖမ်းဆီးခြင်းဖြစ်ကြောင်း ပြောပြပြီးလျှင် နာမည်ပျက်ဖူးသော လူဆိုးတစ်ယောက်ဖြစ်သဖြင့် တရားသူကြီးက အနည်းဆုံး သုံးနှစ်မျှ ထောင်ချ

www.burmeseclassic.com



ညော်ဖြစ်သောကြောင့် ထောင်ချမခံလိုလျှင် ဥသြနှင့် ဦးသာဒွန်းတို့၏ ဆက်သွယ်ပုံအကြောင်းကို ပြောပြဖို့ တိုက်တွန်းလေ၏။ သို့ရာတွင် ဘာသီမှာ သစ္စာမဖောက်လိုသော လူဆိုးတစ်ယောက် ဖြစ်သည်နှင့် "မင်းတို့တတ်နိုင်လျှင် ကိုင်ကြ"ဟူသော အနေမျိုးဖြင့် စကားတစ်ခွန်းမျှမပြောဘဲ ဆိတ်ဆိတ်နေလေ၏။ အချို့သော အရာရှိတို့သည် ဤသို့သော အမှုမျိုး၌ ရိုက်နှက်ညှဉ်းဆဲခြင်း စသည်ဖြင့် ပြုလုပ်စစ်ဆေးကြမည်ဖြစ်ရာ မောင်ထွန်းအုံမှာမူ ထိုသို့ ပြုလုပ်ခြင်းကို ဝါသနာမပါသည်နှင့် အားမပေးဘဲနေရာတွင် ဘာသီထံမှ တစ်စုံတစ်ရာမျှ သဲလွန်စမရဘဲ ရှိနေခဲ့လေ၏။ ■



www.burmeseclassic.com

www.burmeseclassic.com



[၁၁]

'ဥညြ'အမည်ခံသော လူဆိုးမှာ မည်သူပင်ဖြစ်စေ ထိုသူသည် ရန်ကုန်မြို့ပေါ်ရှိ လူဆိုးလူမိုက်ကြီးများနှင့် ဆက်သွယ်ခြင်းရှိ၍ ဥညြသည် ထိုသူများကို မိမိလိုရာ၌ အသုံးပြုနိုင်ကြောင်းမှာကား ထင်ရှားခဲ့လေပြီ။ စုံထောက် မောင်ထွန်းအုံသည်လည်း ထိုအကြောင်းကို စဉ်းစားမိသည်ဖြစ်၍ နာမည်ကျော် လူဆိုးကြီးများနှင့် တွေ့ဆုံသည့်အခါတိုင်း ဥညြ၏အကြောင်းကို စုံစမ်းမေးမြန်းလေ့ရှိ၏။ အချို့တို့မှာ ဥညြအကြောင်းကို ကြားဖူးသော်လည်း မည်သူမည်ဝါဖြစ်သည် တပ်အပ်သေချာသိဟန် မရှိကြချေ။ အချို့မှာလည်း သိဟန်ရှိလျက်နှင့် ပြောလိုဟန်မရှိ။ အချို့မှာ ပြောလိုလျက်နှင့် ပြောဝံ့ဟန်မရှိကြောင်း တွေ့ရ၏။ မောင်ထွန်းအုံက ထိုကဲ့သို့ ရွံ့ကြောက်သည်အတွက်ကြောင့် မပြောဝံ့သောသူများအား ရဲအရာရှိများက နေ့ရောညဉ့်ပါ ကာကွယ် စောင့်ရှောက်ပါမည်ဟု ကတိထားသော်လည်း ထိုသူတို့က 'ဥညြ'၏ လက်ချက်မှ လွတ်နိုင်မည်မဟုတ်သောကြောင့် မိမိကိုယ်နှင့်အမျှ ရွှေများကိုချိန်၍ပေးမည် ဆိုစေကာမူ မပြောဝံ့ကြောင်းနှင့် ငြင်းဆန်လျက်ရှိကြ၏။ သို့ဖြစ်သောကြောင့် မောင်ထွန်းအုံမှာ လူဆိုးများ၏ ကူညီခြင်းအားဖြင့် 'ဥညြ'ကို ပေါ်ပေါက်စေသည့် အကြံကို လက်လျှော့၍ ကိုယ်စွမ်းဖြင့်သာလျှင် ပေါ်ပေါက်အောင် စုံထောက်ရန် ဆုံးဖြတ်လိုက်ရ၏။

တစ်ညနေ၌ မောင်ထွန်းအုံသည် ရုံးမှအိမ်သို့အပြန် လမ်းလျှောက်လာစဉ်တွင် အသစ်တည်ဆောက်လျက်ရှိသော တိုက်ကြီးတစ်တိုက် အနီးမှကပ်၍ လျှောက်လာ၏။ တိုက်နံဘေးသို့ ရောက်သည်နှင့် တစ်ပြိုင်နက် အုတ်ခဲတစ်ခဲသည် မောင်ထွန်းအုံ၏ဦးခေါင်းအနီးမှ သီကနဲကျလာ၍ မြေပေါ်၌ အစိတ်စိတ်အမွှာမွှာ ကြေမွ၍သွားလေ၏။ မောင်ထွန်းအုံသည် အပေါ်သို့မော်ကြည့်သောအခါတွင် တစ်စုံတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



သောသူကိုမျှ မတွေ့မြင်ရချေ။ သို့ဖြစ်၍ အဆင်သင့်ထောင်ထားသော ဝါးလှေကားမှ တည်ကာစဖြစ်သောတိုက်ပေါ်သို့ တက်ပြီးလျှင် ထိုမှ ဤမှ ကြည့်ရှုပါသော်လည်း တိုက်သည် အမိုးလည်းမရှိ၊ ကြမ်းလည်း မရှိ နံရံများသာလျှင် ဟင်းလင်းပြင်ဖြစ်လျက် တစ်စုံတစ်ယောက်သော အလုပ်သမားကိုမျှ မတွေ့ရဘဲရှိလေရကား မောင်ထွန်းအုံမှာ 'ဉသြ' သည် မိမိ၏အသက်ကို ထိထိရောက်ရောက် ရန်ရှာချေပြီတကားဟု ရိပ်မိရုံမျှသာလျှင် ရှိလေ၏။ မောင်ထွန်းအုံမှာ စုံထောက်အရာရှိ တစ်ယောက်မင် ဖြစ်သော်လည်း လက်နက်ကိုင်ဆောင်ခြင်းကို ဝါသနာ မပါသူတစ်ယောက် ဖြစ်လေရာ ထိုနေ့ကစ၍မှ ခြောက်လုံးပြူးသေနတ် ကို အစဉ်မပြတ် ခါးတွင်ဆောင်ဖို့ သတိပြုမိခဲ့လေ၏။

နောက်တစ်နေ့၌ မောင်ထွန်းအုံသည် မိမိ၏အမည်နှင့် စာတိုက် မှလာသော စာများအနက်တွင် အောက်ပါစာတစ်စောင်ကို တွေ့ရှိရ လေ၏။

"ကရုဏာအလျောက် သတိပေးခြင်းဖြစ်ပါသည်။ မောင်ညွှန့်ဖူး အမှုမှာ ခင်ဗျားဝင်မရှုပ်ပါနှင့်။ နောက်ဆုံးမှုချ သတိပေးခြင်းဖြစ်သည်။ နားမထောင်လျှင် ဒုက္ခရောက်မည်သာ ဆတ်ဆတ်တည်း"

ဉသြ

မောင်ထွန်းအုံသည် ထိုစာကိုရသောအခါ၌ စွန့်စားခြင်းအလုပ် ကို ဝါသနာပါသူတစ်ယောက် ဖြစ်သည့်အတိုင်း နောက်သို့ဆုတ်မည့် အစား ရှေးကထက်ပင် ပိုမိုကြိုးစား အားထုတ်ချေဦးမည်ဟူ၍ သန္နိဋ္ဌာန် ချလိုက်လေ၏။

ထိုနေ့ညနေ၌ မောင်ထွန်းအုံသည် မစိန်ရီ၏အိမ်သို့လည်းကောင်း၊ မတင်မေ၏အိမ်သို့လည်းကောင်းသွားရောက်၍ ဉသြသည် မိမိ အားပင်



www.burmeseclassic.com

www.burmeseclassic.com



စာဖြင့်ရေးသား ခြိမ်းခြောက်ပြန်ကြောင်းနှင့် ပြောဆို၍ ထိုကဲ့သို့ ခြိမ်းခြောက်သည့်အတွက်ပင် ရေးကထက်ပိုမို၍ သူငယ်ချင်းအတွက် ကြိုးစားဦးမည်ဖြစ်ကြောင်းများနှင့် မိန်းကလေးများအား ပြောဆိုအားပေး ပြီးလျှင် ညရှစ်နာရီ အချိန်ခန့်တွင်မှ အိမ်သို့ပြန်လာခဲ့လေ၏။

ဆိပ်ကမ်းသာလမ်းရှိ မိမိ၏တိုက်ခန်းသို့ ရောက်သောအခါ မိမိ၏ ဘိုးကဲဆိုသူမှာ ဦးခေါင်းတွင် အဝတ်ဖြူကြီး ပတ်စည်းထား သည်ကို တွေ့ရလေ၏။ အကျိုးအကြောင်းကို မေးမြန်းရာတွင် ဘိုးကဲ သည် ဦးခေါင်းကို ဖြေ၍ပြရာ နဖူးတွင် သုံးလက်မခန့်ရှိသော ဒဏ်ရာ ကြီးကို မောင်ထွန်းအုံတွေ့မြင်ရလေ၏။

မောင်ထွန်းအုံသည် အဖြစ်အပျက်ကို မေးမြန်းသောအခါ၌ ဘိုးကဲက ခုနစ်နာရီထိုးသဖြင့် မီးထွန်းစ အချိန်တွင် အခန်းတံခါးကို အပြင်မှခေါက်သံကြားရကြောင်း၊ မိမိက 'ဘယ်သူလဲ'ဟု မေးရာတွင် အပြင်မှလူက 'ဟော့အကောင်၊ ဘာလုပ်နေတာလဲ၊ မြန်မြန်ဖွင့်ပါကွဲ့'ဟု ပြောသဖြင့် မိမိက ဆရာထင်မှတ်၍ ဖွင့်ပေးကြောင်း၊ ထိုအခါ လူ သုံးယောက်တို့သည် အခန်းတွင်းသို့ ဝင်လာကြ၍ တစ်ယောက်သော သူက ဖာဝီတပ်ထားသောကြိမ်တုတ်နှင့် မိမိ၏ဦးခေါင်းကို ရိုက်လိုက် ရာတွင် မူး၍လဲသွားကြောင်း၊ သုံးယောက်အနက် တစ်ယောက်သော သူမှာ ဦးတိုက်စိုး၏ ဦးသာဒွန်းဖြစ်ကြောင်း၊ မိမိသည် သတိရလာ၍ လဲရာမှ ထကြည့်လိုက်သောအခါ လူသုံးယောက်မှာ ဆင်းသွားပြီဖြစ်၍ တစ်ခန်းလုံးမှာ စာရွက်များ၊ စာအုပ်များနှင့် ရှုပ်ပွေလျက်ရှိကြောင်းများနှင့် ပြောပြပြီးလျှင် ကြမ်း ပေါ်တွင် ဖရိုဖရဲ ကြဲပြန့်လျက်ရှိသော မောင်ထွန်းအုံ၏ စာရွက်များ၊ စာအုပ်များကို ပြလေ၏။

မောင်ထွန်းအုံက ထိုသူများသည် ဥသြ၏ လူများသော် လည်းကောင်း၊ ဥသြကိုယ်တိုင်သော်လည်းကောင်း ဖြစ်မည့်အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကို တွေးတောမိသော်လည်း မိမိ၏စာရွက်များ၊ စာအုပ် များကို မည်သည့်အကြံအစည်နှင့် မွှေနှောက်ရှာဖွေကြသည့်အကြောင်းကိုကား မစဉ်းစားတတ်အောင် ရှိလေ၏။ ဥသြသည်ကား တစ်နေ့ထက်တစ်နေ့ ကဲလွန် ရဲရင့်လာသည်ဖြစ်၍ မောင်ထွန်းအုံသည်လည်း စိတ်မာန် ထွက်ပြီးလျှင် အံကြိတ်ကာ အကြံယူလျက်ရှိလေ၏။ ■



www.burmeseclassic.com

www.burmeseclassic.com



[၁၂]

တစ်ညသ၌ မောင်ထွန်းအုံသည် ကက်ကျေးကိုက် ခါးပိုက်နှိုက် မှစ၍ ဓားပြတိုက်မှုတိုင်အောင် ကျူးလွန်ဖူးသော လူဆိုးကြီးများ ကျက်စားရာဖြစ်သော ဘိန်းခန်းတစ်ခန်းသို့ ရုပ်ဖျက်၍ ဝင်သွားပြီးလျှင် ဘိန်းတစ်ကြိုပ်ကို မှာယူ၍ တရုတ်ကလေးတစ်ယောက်ကို 'ဘိန်းထိုး'ပေးရန် ခေါ်ပြီးမှ ချောင်ကျသော နေရာတစ်ခုသို့ သွားလေ၏။ မောင်ထွန်းအုံသည် ဘိန်းစားတစ်ယောက် မဟုတ်သော်ငြားလည်း ဟန်ဆောင်ခြင်းအတတ်၌ ကျွမ်းကျင်သူတစ်ယောက်ဖြစ်ရကား ဘိန်းစားဝါရင့်ကြီးများနှင့် မခြားနားအောင် တရုတ်ကလေးထိုးပေးသော ဘိန်းများကို စတိုင်ကျကျ ရှူရှိုက်လျက်ရှိလေ၏။

ဘိန်းစားများသည် ဝါးကို အလုံးလိုက်ထုရိုက်၍ ယက်လုပ်ထားသော တရုတ်ဖျာများပေါ်၌ အလျားလိုက်ခင်းကာ နှစ်ယောက်တစ်တွဲ ဘိန်းရှူလျက်ရှိကြရာ မောင်ထွန်းအုံ၏ အနီး၌ကား မြန်မာသုံးယောက်တို့သည် တစ်ယောက်၏ခါးကိုတစ်ယောက် ခေါင်းအုံးလျက် မီးခွက်ကလေးကိုဝိုင်းဖွဲ့ကာ တစ်ယောက်တလဲ ဘိန်းရှူလျက် ရှိနေကြလေ၏။ ထိုသူတို့သည် မောင်ထွန်းအုံဝင်လာသောအခါ၌ ခေါင်းထောင်၍ကြည့်ကြပြီးနောက် မောင်ထွန်းအုံ၏ ဟောင်းနွမ်းစုတ်ပြတ်၍ ကိုက်မကျသော အဝတ်အစားများကို မြင်ကြသဖြင့် ''တောကနဲ့တူပါရဲ့ကွယ်''ဟုပြော၍ ဂရုမစိုက်ဘဲ ဆက်လက်ရှူရှိုက်ကြပြန်လေ၏။ မောင်ထွန်းအုံမှာမူ ထိုသူများကို ကျောခိုင်းကာ အိပ်လျက် တရုတ်ကလေးထိုးပေးသော ဘိန်းများကို ရှူရှိုက်နေသော်လည်း ထိုသူသုံးယောက် ပြောစကားများကို နားစိုက်လျက် ရှိလေ၏။

တစ်ယောက် ''အခုတလော သတင်းစာတွေကဖြင့် ဥဩအကြောင်းချည်းပါကလားဟေ့ သူငယ်ချင်းတို့''

တစ်ယောက် ''စာဖွဲ့မယ်ဆို ဖွဲ့လောက်တဲ့လူတစ်ယောက်ပါပေ



www.burmeseclassic.com

www.burmeseclassic.com



ပဲကွယ်၊ စုံထောက် ကိုထွန်းအုံ့အိမ်ကိုတောင် တစ်နေ့က တက်ကြတယ်ဆိုပါကလား"

တစ်ယောက် "ဟော့ မင်းဘယ်ကကြားသလဲ၊ သတင်းစာထဲမှာ မပါပါဘဲကလား"

တစ်ယောက် '

ကိုထွန်းအုံ့က သူ့အကြောင်းကို သတင်းစာတိုက်ကို သတင်းမပေးပေမယ့် သိတဲ့သူကတော့ သိတာပေါ့ကွဲ့၊ ဟီ ဟီ ဟီ"

တစ်ယောက် "နေပါဦးကွဲ့၊ ဥဩဆိုတာ တကယ်ရှိသတဲ့လား"

တစ်ယောက် "ရှိတာပေါ့ကွဲ့"

တစ်ယောက် "မင်းသိသလား"

တစ်ယောက် "သိတာပေါ့ကွဲ့"

တစ်ယောက် "ဘယ်မှာလည်းဟေ့ သူငယ်ချင်း"

တစ်ယောက် "သစ်ပင်ပေါ်မှာလေ၊ နွေကာလတော့ ပေါ်လာလိမ့်မယ်"

တစ်ယောက် "ငါက ကောင်းကောင်းမေးပါတယ်"

တစ်ယောက် "ရှိဘိလား သူငယ်ချင်း၊ သူတို့ရဲ့တွေ ဉာဏ်သွားတယ်ဆိုတာ ဥဩအိပ်နေသလောက် ရှိသေးတယ်၊ ဒီလူက သေးသေးနုတ်နုတ် ကြံတဲ့သူမဟုတ်ဘူးကွဲ့၊ တကယ့်ချက်ကောင်းမှ ချိုင်တဲ့လူပဲ၊ သူ့တပည့်တွေဟာလည်း ပြည့်နေတာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



သဏ္ဌာန်လုပ် သရုပ်နဲ့တူစေရမယ်ဆိုတဲ့ စကားအတိုင်း အရေးအကြောင်းရှိလို့ အလုပ်လုပ်တဲ့အခါမှာ တကယ်ကို သရုပ်ပါအောင်လုပ်တဲ့ လူတစ်ယောက် ဆိုကပဲကွဲ''

တစ်ယောက် ''နေပါဦးကွဲ့၊ ဒီဘုန်းကြီးယောင်ဆောင်ရ၊ ကုလီယောင်ဆောင်ရနဲ့ ဘာလုပ်ဖို့ဆောင်ရတာလဲ၊ ရဲကိုရှောင်ဖို့လား''

တစ်ယောက် ''ဘာဟုတ်မလဲကွယ်၊ ရဲလောက်ရှောင်ဖို့များတော့ ဥညြတို့က ထိုင်ရာမထ လွတ်အောင်ရှောင်နိုင်သေးရဲ၊ ဟန်ဆောင်ရတာတွေက ငွေရပေါက်ထွင်တာတွေကွဲ့၊ ဥညြအကြောင်းများ ပြောရလျှင်တော့ မိုးသာလင်းမယ် စကားမဆုံးဘူး၊ စာနဲ့ရေးလျှင်လည်း စာအုပ်သာပြည့်မယ် သူ့အကြောင်းမဆုံးဘူး၊ ဒီလောက် ပရိယာယ်ဉာဏ်များတဲ့ လူတစ်ယောက်ပါပဲကွယ်၊ ရှုကြဦးကွယ်၊ ငါတော့ဝပြီ''

ၚင်းနောက် ထိုသူများသည် ဘောလုံးပွဲအကြောင်း၊ မြင်းပွဲအကြောင်းမှစ၍ ရန်ကုန်သားများအရေးယူလေ့ရှိသော ပွဲများအကြောင်းကို ဆက်လက်၍ ပြောကြပြန်လေရာ မောင်ထွန်းအုံမှာ ထပ်မံ၍ ဟန်ဆောင်ရန်အတွက် ဘိန်းရှုရန် မတတ်နိုင်တော့ပြီဖြစ်သောကြောင့် ပိုက်ဆံပေး၍ ထွက်လာခဲ့လေ၏။

မောင်ထွန်းအုံသည် ဘိန်းခန်းမှ ထွက်လာခဲ့ပြီးနောက် လတ္တာ (လသာ) လမ်းထိပ်ရှိ ခေါက်ဆွဲဆိုင်တစ်ဆိုင်တွင်ထိုင်လျက် ခေါက်ဆွဲစားနေရာ လူတစ်ယောက်သည် မိမိ၏ကျောကိုပွတ်၍ လျှောက်သွားသဖြင့် လှည့်ကြည့်လိုက်ရာတွင် ယခင်က ဘိန်းခန်းတွင် ဘိန်းရှုနေကြသော လူသုံးယောက်အနက် တစ်ယောက်ဖြစ်သည်ကို တွေ့မြင်ရ၏။ ထိုသူသည်လည်း မိမိအား မှတ်မိသောအနေဖြင့် ပြုံးစိစိလုပ်သွားသည်ဟု မောင်ထွန်းအုံ ထင်မှတ်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်ထွန်းအုံသည် အိမ်သို့ပြန်ရောက်သဖြင့် အဝတ်များလဲလှယ်မည်ပြုသည်တွင် အိတ်ထဲ၌ ခုလုလုနေသော အရာတစ်ခုကို တွေ့သည်နှင့် ထုတ်ယူကြည့်ရာ စက္ကူလုံးကလေးတစ်လုံး ဖြစ်နေကြောင်း တွေ့ရ၏။ ၎င်းကိုဖြန့်၍ကြည့်သောအခါ၌ကား အောက်ပါကို တွေ့ရ၏။

"တောသားကြီးနဲ့ တူပါပေ့"

ဥဩ

ထိုစာကို ဖတ်ရသောအခါ၌ မောင်ထွန်းအုံ အံ့ဩချေမည်ကား ဖတ်ရှုသူတို့ တွေးထင်ပြီးဖြစ်၏။ သို့ရာတွင် မောင်ထွန်းအုံ၏ တွေးထင်ချက်မှာ ထိုသူသုံးယောက်တို့အနက်တွင် ဥဩဆိုသူ ပါလေဟန်ရှိ၏။ အကယ်၍ပါခဲ့လျှင် ဥဩ၏အကြောင်းကို အများဆုံးပြောသောသူသည် ဥဩပင် ဖြစ်တန်ရာ၏။ ဖြစ်ခဲ့လျှင်လည်း ခေါက်ဆွဲဆိုင်၌ မိမိ၏အိတ်ထဲသို့ ထိုစာကိုထည့်လိုက်သော သူပင်လျှင် ဥဩဖြစ်ရမည်။ ထိုသူကိုကား မိမိမမြင်ဘူးချေ။ မောင်ထွန်းအုံသည် နာမည်ကျော်လူဆိုးဟူသမျှနှင့် ပြစ်မှုကြီးနှင့် ထောင်ကျဖူးသော လူဟူသမျှကို မျက်နှာမြင်ကာမျှနှင့် သိသူတစ်ယောက် ဖြစ်လေရာ မိမိမမြင်ဖူးသည်ကို ထောက်သည်ရှိသော် ဥဩသည်ကား ထောင်ကျဖူးသော လူတစ်ယောက် မဟုတ်နိုင်ဟူ၍ တွေးတောမိပြန်၏။ မောင်ထွန်းအုံမှာ မိမိအရေးကြီးစွာနှင့် ရှာဖွေလျက်ရှိသော ဥဩဆိုသူနှင့် ထိုနေ့ညတွင် ကျောချင်းကပ်ကာ တစ်ဖျာတည်းလှဲနေရသည်တစ်ကြိမ်၊ ခေါက်ဆွဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်တွင် မျက်နှာချင်းခေတ္တမျှဆိုင်လိုက်ရသည်ကတစ်ကြိမ်၊ နှစ်ကြိမ် တိုင်တိုင် နီးကပ်စွာ ရှိနေပါလျက်နှင့် မိမိမသိရသည့်အတွက်ကြောင့် မဖမ်းဆီးနိုင်ဘဲ ရှိနေသည့်အဖြစ်ကို များစွာခံပြင်းလျက်ရှိနေခဲ့လေ၏။ ■



www.burmeseclassic.com

www.burmeseclassic.com



## [၁၃]

**စာရေးကြီး** ဦးတိုက်စိုး၏သမီးမစိန်ရီသည် မိမိ၏ရည်းစား မောင်ညွှန့်ဖူး ပျောက်ဆုံးနေသည့်အတွက်ကြောင့် စိတ်မချမ်းမသာရှိခဲ့ရာ စိတ်ပြေလက်ပျောက် ရှိစေခြင်းငှာ တွံတေးသို့ ခေတ္တသွားရောက် လည်ပတ်လျက်ရှိနေ၏။ ဦးတိုက်စိုးမှာ စာရေးကြီးတစ်ယောက်မျှသာ ဖြစ်သော်ငြားလည်း လက်ရှိပစ္စည်းများစွာ ကြွယ်ဝသူတစ်ယောက် ဖြစ်သဖြင့် အရာရှိတစ်ယောက်နှင့် မခြားမနား သားနားတင့်တယ်စွာ နေထိုင်နိုင်သည့်ပြင် တွံတေးမြို့၌လည်း ဆိပ်ကမ်းအနီးတွင် ကျယ်ဝန်းသော ခြံကြီးတစ်ခြံအတွင်း သပ်ရပ်သော အိမ်တစ်ဆောင်နှင့် အပျင်းပြေခရီးသွားလာနိုင်ရန် သမ္ဗန်တစ်စင်းလည်း ရှိလေသည်။

မစိန်ရီသည် ထိုအိမ်သို့ သွားရောက် နေထိုင်သည့်နေ့၌ မောင်ထွန်းအုံထံ လာရောက်၍ မောင်ညွှန့်ဖူး၏သတင်းကို ကြားရသည့်အခါတိုင်း မိမိထံ သံကြိုးရိုက်၍ အကြောင်းကြားရန် မှာထားခဲ့ရာ မောင်ထွန်းအုံကလည်း သတင်းရသည်နှင့် တစ်ပြိုင်နက် မစိန်ရီထံ အကြောင်းကြားရန် တာဝန်ခံရုံမျှမက လျင်မြန်စွာ ပြန်လည်တွေ့ရှိဖို့ အတွက်ကိုလည်း အစွမ်းကုန် ကြိုးစားအားထုတ်ပါမည်ဟူ၍ ဝန်ခံကတိထားလိုက်လေ၏။

နောက်တစ်နေ့ညနေ၌ စာရေးကြီး ဦးတိုက်စိုးသည် မောင်ထွန်းအုံ၏တိုက်သို့ လာရောက်၍ မောင်ညွှန့်ဖူး ပျောက်ဆုံးခြင်း ကိစ္စအကြောင်းနှင့် ပတ်သက်၍ တိုင်ပင်ရာတွင် မိမိ၏နေအိမ်မှ ထွက်သွားသူ အစေခံဟောင်း ဦးသာဒွန်း၏အကြောင်းကိုလည်း ပြောပြလေ၏။

အစေခံတို့မည်သည်မှာ ဆရာ၏နေအိမ်၌ အတူတကွ အလုပ်လုပ်ကိုင်ကြသည့်အခါ တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ဆရာကို လိမ်ကြရန် သဘောတူအားထုတ်ကြ၍ အစေခံတစ်ဦးတစ်ယောက် ထွက်သွားသည့်အခါမှ ကျန်ရစ်သောအစေခံများသည် ထွက်သွားသူ အစေခံ၏



www.burmeseclassic.com

www.burmeseclassic.com



မကောင်းသတင်းကို ဆရာအား တိုင်တန်းပြောဆိုလေ့ရှိကြကြောင်း၊ ဦးသာဒွန်း ထွက်သွားပြီးသည့်နောက်မှ ကားမောင်းသမား မောင်ဘသိန်းသည် ဦးသာဒွန်း၏ မကောင်းသတင်းများကို မိမိအားပြောပြကြောင်း၊ မောင်ဘသိန်းက ပြောပြသည်မှာ ဦးသာဒွန်းသည် မိမိတို့သားအဖနှစ်ယောက် အိမ်၌မရှိသည့်အခါများ၌ ၎င်း၏မိတ်ဆွေများကို အိမ်သို့ဖိတ်ခေါ်၍ ဆရာထိုင်သော ကုလားထိုင်များ၌ ထိုင်ပြီးလျှင် ဆရာစားသောစားပွဲ၌ အိမ်ရှင်သဖွယ် ခန့်ညားစွာ သောက်စားမှုးရစ်လေ့ရှိကြကြောင်း၊ ဦးသာဒွန်းသည် ထိုသို့သောအခါများ၌ စာရေးစာချီနှင့်တူသော လင်မယားနှစ်ယောက်တို့ကို ဖိတ်ခေါ်၍ ကောင်းမွန်စွာချက်ပြုတ်ထားသော စားဖွယ်များကို စားပွဲ၌ကျွေးမွေးပြီးလျှင် ဝီစကီနှင့် ဆိုဒါများကိုပင် ဝယ်ယူတိုက်ကျွေးလေ့ရှိကြောင်း၊ ဧည့်သည်ယောကျ်ားမှာ အသက်သုံးဆယ်ကျော်အရွယ်မျှရှိ၍ သပ်ရပ်တင့်တယ်စွာ ဝတ်ဆင်လေ့ရှိရာ မယားဖြစ်သူမှာ နှစ်ဆယ်ကျော်အရွယ်မျှရှိ၍ ရုပ်ရည်ချောမောလှပသူတစ်ယောက် ဖြစ်ကြောင်း၊ ၎င်းတို့သည် စားပွဲထိုင်ပြီးသည့်အခါတွင် ဧည့်ခန်းတွင်ထိုင်လျက် အရေးကြီးသောကိစ္စနှင့် တိုင်ပင်သည့်အနေဖြင့် စကားပြောနေတတ်ကြသည့်ပြင် ဦးတိုက်စိုး၏ အလုပ်စားပွဲ၌လည်း စာများထိုင်၍ရေးတတ်ကြကြောင်း၊ ၎င်းတို့စကားပြောနေကြစဉ် မောင်ဘသိန်းက မယောင်မလည်လုပ်၍ ချောင်းမြောင်းနားထောင်ရာတွင် မောင်ညွှန့်ဖူးဟူသောအမည်ကို ရံဖန်ရံခါကြားရတတ်ကြောင်း၊

တစ်နေ့၌လည်း ၎င်းတို့သည် စာတစ်စောင်ကို ရေးပြီးနောက် မင်နှိပ်ဖြင့်နှိပ်ရာ မောင်ဘသိန်းသည် ထိုမင်နှိပ်ကို ၎င်းတို့မရှိသည့်နောက် ကောက်ယူကြည့်ရှုရာတွင် အခြားသောစာလုံးများကို ထင်ရှားအောင် မမြင်ရသော်လည်း မောင်ညွှန့်ဖူးဟူသော အမည်တစ်ခုမှာ မင်နှိပ်၏ အစွန်း၌ ထင်ထင်ရှားရှားကြီး တွေ့မြင်ရဖူးကြောင်း၊



www.burmeseclassic.com

www.burmeseclassic.com



မောင်ဘသိန်းသည် ထိုအကြောင်းများကို ဦးတိုက်စိုးအား ထိုစဉ်အခါကပင် တိုင်တန်းပြောဆိုလိုသော်လည်း

ဦးသာဒွန်းကိုယ်တိုင်မှာလည်း ဆရာက အထူးသဖြင့် ယုံကြည်စိတ်ချသော တစ်ယောက်ဖြစ်သောကြောင့် မိမိစကားကို မယုံကြည်ဘဲ အလုပ်ပြုတ်ရုံမျှ ရှိချေမည်ဟု စိုးရိမ်မိသည့်အတွက်ကြောင့် မပြောဝံ့ဘဲ သိုဝှက်၍ ထားခဲ့ရကြောင်း များနှင့် ပြောပြလေ၏။

ထို့ပြင် အရေးကြီးသော အချက်တစ်ခုကို ဦးတိုက်စိုးက ပြောပြပြန်သည်မှာ မောင်ညွှန့်ဖူးက မစိန်ရီသို့ ခန်းဝင်ပစ္စည်းအဖြစ်နှင့် တင်သသော စိန်နားကပ်ကြီးသည် မစိန်ရီ တွဲတေးသို့သွားမည့်နေ့၌ပင် ပျောက်ဆုံး၍သွားကြောင်း၊ မစိန်ရီသည် ၎င်းစိန်နားကပ်ကို အခြားလက်ဝတ်လက်စားများနှင့်အတူ သေတ္တာငယ်ကလေးတစ်လုံး၏အတွင်း၌ ထည့်ထားကြောင်း၊ တွဲတေးသို့သွားမည့်နေ့၌ မစိန်ရီသည် မီးခံသေတ္တာသော့ကို မိမိထံမှတောင်း၍ သေတ္တာကလေးကို ထုတ်ယူဖွင့်ကြည့်ရာတွင် အခြားသော လက်ဝတ်လက်စားများမှာ နေရာမပျက်တွေ့ရှိရသော်လည်း စိန်နားကပ်ကြီးမှာမူ မရှိတော့ကြောင်း၊ မီးခံသေတ္တာ၌လည်းကောင်း၊ သေတ္တာကလေး၌လည်းကောင်း အတင်းဖွင့်သည့် အထိမ်းအမှတ် တစ်စုံတစ်ရာမျှ မတွေ့ရကြောင်း၊

မီးခံသေတ္တာမှသော့မှာ ဦးတိုက်စိုးကိုယ်တိုင် သိမ်းဆည်းသောကြောင့် သေတ္တာနှစ်လုံးကို အတင်းမဖွင့်ဘဲနှင့် စိန်နားကပ်ကိုရအောင်ဖွင့်ယူသွားခြင်းမှာ အံ့ဩဖွယ်ရာကောင်းကြောင်း၊ ထို့ပြင် သူခိုးသည် အခြားသော လက်ဝတ် လက်စားများကိုမယူဘဲ ချန်ထားခဲ့၍ မောင်ညွှန့်ဖူးတင်သသည့် နားကပ်တစ်ရံတည်းသက်သက် ခိုးယူသွားခြင်းမှာလည်း အံ့ဩဖွယ်ရာတစ်ရပ် ဖြစ်ကြောင်း၊



www.burmeseclassic.com

www.burmeseclassic.com



ဦးတိုက်စိုးက မိမိသည် ပစ္စည်းပျောက်ဆုံးသည်ကို သိသည်နှင့် တစ်ပြိုင်နက် ဌာနသို့ ဖြစ်စေ၊ ယုတ်စွအဆုံး မောင်ထွန်းအုံသို့ဖြစ်စေ တိုင်တန်းလိုသော်လည်း မစိန်ရီကမူ မောင်ညွှန့်ဖူး တင်သသည့် စိန်နားကပ်တစ်ရံတည်းရှေး၍ ခိုးယူသွားခြင်းမှာ အလွန်ထူးခြား လှသည်ဖြစ်သောကြောင့် အကယ်၍ မိမိတို့က ရဲများအား တိုင်တန်း ခဲ့ပါမူ မောင်ညွှန့်ဖူးအပေါ်၌ လူဆိုးများက ဘေးအန္တရာယ်ပြုလိမ့်မည် ဟူ၍ မစိန်ရီက တွေးတောသည်ဖြစ်သောကြောင့် မိမိအား နှုတ်ပိတ် ၍ထားကြောင်း၊ ထို့ကြောင့်သာလျှင် မိမိက မောင်ထွန်းအုံကိုမျှ မတိုင် တန်းဘဲ ရှိနေခဲ့ကြောင်း၊ သို့ရာတွင် ယခုမှာမူ မစိန်ရီ၏ တွေးတော ချက်သည် အစိုးပွါယ်မရှိဟူ၍ ယူဆသည်ဖြစ်သောကြောင့် ဤကဲ့သို့ မောင်ထွန်းအုံအား တိုင်ကြားခြင်းဖြစ်ကြောင်းများနှင့် ပြောပြလေ၏။

မောင်ထွန်းအုံသည် ဦးတိုက်စိုး၏စကားကို ကြားရသောအခါ ဆေးတံကိုဖွာလျက် အတန်ကြာအောင် စဉ်းစားစိတ်ကူးနေပြီးမှ မီးခံ သေတ္တာကိုကြည့်လိုကြောင်းနှင့် ဦးတိုက်စိုးအား ပြောရာတွင် ဦးတိုက်စိုး က နေအိမ်သို့လိုက်ခဲ့ရန် ခေါ်လေ၏။

ဦးတိုက်စိုးနှင့် မောင်ထွန်းအုံတို့သည် အညောင်းပြေ ခြေလျင် လျှောက်လာကြ၍ ဦးတိုက်စိုး၏နေအိမ်သို့ ရောက်ကြသောအခါတွင် မီးခံသေတ္တာထားသောနေရာကို ကြည့်ရှုကြလေ၏။ ထိုအချိန်၌ကား မှောင်ပြီဖြစ်သောကြောင့် အိမ်တွင်း၌ ဓာတ်မီးများဖွင့်ထားပြီဖြစ်ရာ မီးခံသေတ္တာမှာ ဦးတိုက်စိုး၏အိပ်ခန်းအတွင်း ခုတင်၏ခေါင်းရင်း ဘက်၌ ရှိ၏။

ဦးတိုက်စိုးသည် အိပ်ခန်းမှဓာတ်မီးကို ဖွင့်ပြီးနောက် မောင်ထွန်းအုံ အား အိပ်ခန်းတွင်းသို့ ခေါ်သွားရာ မောင်ထွန်းအုံသည် မီးခံသေတ္တာ တံခါး၏လက်ကိုင်ကို မှန်ဘီလူးဖြင့် သေချာစွာကြည့်ရှု၏။ ထို့နောက် သေတ္တာကိုဖွင့်၍ လက်ဝတ်လက်စားများထားသော သေတ္တာကလေး



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း မှန်ဘီလူးဖြင့် ကြည့်ပြန်ရာ ၄င်းမျှော်လင့်သည့်အတိုင်း လက်ရာခြေရာ တစ်စုံတစ်ရာမျှ ထင်ထင်ရှားရှား မတွေ့ရသဖြင့် သေတ္တာကို ပြန်ထည့်ပြီးနောက် တံခါးကို ပိတ်ထားလိုက်လေ၏။ ထို့နောက် မောင်ထွန်းအုံသည် အိပ်ခန်း၏အခြေအနေကို ဓာတ်မီး ရောင်တွင်ကြည့်၍ တံခါးတစ်ခုကို ညွှန်ပြလျက် ...

"ဒီတံခါးက ဘယ်ဘက်သွားတဲ့ တံခါးလဲ ဦးရဲ့"

"ဘယ်ဘက်မှသွားတာ မဟုတ်ပါ၊ တိုက်တည်ကတည်းက အုတ်နံရံမှာ မြှုပ်ပြီးလုပ်ထားတဲ့ ဗီရိုတံခါးဖြစ်ပါတယ်မောင်"

"အလို၊ ဒီဟာတွေက ဘယ့်နှယ်ဟာတွေလဲ ဦးရဲ့၊ ကြည့်စမ်းပါဦး"

ထိုအခါ ဦးတိုက်စိုးနှင့် မောင်ထွန်းအုံတို့သည် ကြမ်းပေါ်၌ ဒူးထောက်ကာ သေချာစွာကြည့်ရှုကြရာတွင် ၎င်းဗီရိုတွင်းမှ သွေးများ တစ်စက်စက် ယိုစီးလျက် ထွက်နေသည်ကို တွေ့မြင်ကြရလေ၏။ ၄င်းနောက် မောင်ထွန်းအုံ၏ စေခိုင်းချက်အရ ဦးတိုက်စိုးသည် သော့တွဲကိုယူ၍ ဗီရိုကိုဖွင့်ပြီးမှ တံခါးကိုဆွဲလိုက်ရာတွင် လူတစ်ယောက်သည် ဗီရိုတွင်းမှ ထိုးငိုက်၍ကျလာပြီးနောက် ကြမ်းပေါ်တွင်မှောက်လျက် နေလေ၏။ မောင်ထွန်းအုံသည် ထိုသူကို ပက်လက်လှန်၍ မျက်နှာကို ကြည့်ရာတွင် ပျောက်ဆုံးနေသူ ဦးသာဒွန်းဖြစ်ကြောင်း တွေ့ရသည့်ပြင် ရင်ဘတ်ကိုစမ်းသပ်၍ ကြည့်သောအခါ၌ကား အသက်မရှိတော့ကြောင်း သိရှိရလေ၏။ ■



www.burmeseclassic.com

www.burmeseclassic.com



[၁၄]

မောင်ထွန်းအုံသည် ဦးသာဒွန်း၏ အလောင်းကို သေချာစွာကြည့်ရှုရာတွင် လက်ဝဲဘက်ရင်ဘတ်၌ ဓားမြှောင်ဖြင့် ထိုးစိုက်ထားသောဒဏ်ရာတစ်ခု တွေ့ရှိရလေရာ ဒဏ်ရာသည် နှလုံးသားကို ဖောက်ထွင်းသည့် လက္ခဏာရှိသောကြောင့် ပွဲချင်းပြီးသေဆုံးဟန်တူ၏။ လက်ဝဲဘက် လက်၌မူကား ဒန်လက်ပတ်နာရီတစ်လုံးဝတ်ထားရာ လက်ကောက်ဝတ်၌ တုတ် အစေရှိသော အသွားမရှိသည့် လက်နက်မျိုးဖြင့် ရိုက်ထားသည့်အလား ညိုမည်းနေသော ဒဏ်ရာတစ်ခုကို တွေ့ရသည့်ပြင် လက်ပတ်နာရီမှာ မှန်ကွဲလျက်ရှိ၏။ ထို့ပြင် လက်ပတ်နာရီသည် ခြောက်နာရီနှင့် လေးဆယ့်ငါးမိနစ်တွင် ရပ်နေကြောင်း တွေ့ရပြန်သည်ဖြစ်ရာ မောင်ထွန်းအုံသည် မိမိ၏နာရီကိုကြည့်သောအခါ၌ ခုနစ်နာရီနှင့် ဆယ်မိနစ်မျှရှိကြောင်း တွေ့ရသောကြောင့် ဦးသာဒွန်းသေဆုံးခြင်းမှာ နှစ်ဆယ့်ငါးမိနစ်မျှသာ ကြာသေးကြောင်း သိရှိရလေ၏။

တစ်စုံတစ်ယောက်သောသူသည် ဦးသာဒွန်းကို တုတ်နှင့်ရိုက်သောအခါတွင် ဦးသာဒွန်းက လက်ဝဲဘက်လက်နှင့် ကာလိုက်သဖြင့် လက်ကောက်ဝတ်နှင့် နာရီကို ရိုက်မိပြီးမှ ရင်ဝကိုဓားမြှောင်နှင့်သေအောင်ထိုးသတ်ခြင်း ဖြစ်ဟန်လက္ခဏာရှိချေ၏။ ဓားမြှောင်မှာမူကား အလောင်း၌မရှိချေ။ ထို့နောက် မောင်ထွန်းအုံသည် သေသူ၏အင်္ကျီအိတ်များကို နှိုက်ကြည့်ရာ ငွေစက္ကူ တစ်ဆယ်ကျပ်တန်နှစ်ချပ်၊ ငွေသား သုံးကျပ် ကိုးပဲ ခြောက်ပြား၊ ဆေးပြင်းလိပ်နှစ်လိပ်၊ မီးခြစ်ဘူးတစ်လုံးနှင့် သားရေအိတ်ငယ်တစ်ခုကို တွေ့ရှိရလေ၏။ သားရေအိတ်ကိုဖွင့်ကြည့်သောအခါ၌ စိန်နားကပ်တစ်ရံကို တွေ့ရှိရလေရာ ၎င်းမှာမောင်ညွှန့်ဖူးက တင်သသော စိန်နားကပ်ဖြစ်သည်ဟု ဦးတိုက်စိုးကပြောပြ၏။ ထို့နောက် နာရီအိတ်ကို နှိုက်ကြည့်သောအခါ၌မူကား



www.burmeseclassic.com

www.burmeseclassic.com



**အိတ်တစ်လုံးကို** တွေ့ရှိရ၏။ အတွင်း၌ကား ခဲတံနှင့် ရေးသားသော **စာတစ်စောင်**ပါရှိ၏။

ထိုစာမှာ အဆုံးမသတ်ဘဲ တစ်ပိုင်းတစ်စမျှသာ ရေးထားခြင်း ဖြစ်သည့်ပြင် လက်မှတ်လည်း ရေးထိုးခြင်း မပြုရသေးသည် ဖြစ်သောကြောင့် ဦးသာဒွန်းသည် ထိုစာကို ရေးနေရာတွင် အနှောင့်အယှက် တစ်စုံတစ်ခုကြောင့် အပြီးသတ်အောင် မရေးရဘဲ ရှိသည်ဟု မောင်ထွန်းအုံက တွေးတော၏။ ထိုလက်ရေးမှာ ဦးသာဒွန်း၏လက်ရေး ဖြစ်သည်ဟူ၍ ဦးတိုက်စိုးက ပြောပြသောကြောင့် မောင်ထွန်းအုံ၏ တွေးတောချက်သည် ဟုတ်မှန်ဟန်လက္ခဏာရှိချေ၏။

သို့ရာတွင် မောင်ထွန်းအုံ နားမလည်သော အချက်တစ်ခုမှာ စိန်နားကပ်သည် ယမန်နေ့က ပျောက်ဆုံးခြင်း ဖြစ်သောကြောင့် ဦးသာဒွန်းသည် စိန်နားကပ်ကို ခိုးယူသူဖြစ်ခဲ့ပါလျှင် စိန်နားကပ်သည် ထိုသူ၏လက်တွင်းသို့ တစ်ရက်လုံးလုံး ရောက်နေပြီဖြစ်ပါလျက် အဘယ် အတွက်ကြောင့် တစ်ဖန်ပြန်၍ ယူလာခဲ့ချေသနည်းဟူသော အချက်ပင် ဖြစ်လေသည်။ ထိုအတောအတွင်း၌ ဦးတိုက်စိုးသည် ဌာနသို့ တယ်လီဖုန်းဆက်၍ တိုင်တန်းပြီးဖြစ်သောကြောင့် ရဲအရာရှိများ ရောက်လာကြ၍ အလောင်းကို ဆေးရုံကြီးသို့ ပို့လျက်ရှိကြ၏။

၎င်းနောက် ရဲအရာရှိနှင့် မောင်ထွန်းအုံတို့က ဦးသာဒွန်းသည် စိန်နားကပ်ကို ခိုးယူပြီးမှ အိမ်ပြင်သို့ထွက်ရန် အခွင့်မသာသည်နှင့် တစ်နေ့ပတ်လုံး အိမ်တွင်း၌ပုန်းအောင်းနေခြင်း ဖြစ်ချေမည်လောဟု စဉ်းစားမိကြ၍ ဦးသာဒွန်းပုန်းအောင်းနေလောက်သော နေရာကို အတူ တကွ ရှာဖွေကြလေ၏။

ဦးတိုက်စိုး၏ နေအိမ်မှာ နှစ်ထပ်တိုက်ဖြစ်လေရာ ယခင်က ဦးသာဒွန်းနေဖူးသော အခန်းမှာ အောက်ထပ်၌ လေးထောင့် အခန်း ကလေးဖြစ်လေသည်။ မောင်ထွန်းအုံသည် ထိုအခန်းကို ဦးတိုက်စိုး



www.burmeseclassic.com

www.burmeseclassic.com



ထံမှသော့နှင့်ဖွင့်၍ အတွင်းသို့ဝင်ကြသောအခါတွင် ခုတင်ကလေး တစ်ခု၏အောက်၌ သံကွင်းတစ်ကွင်းကို တွေ့ရှိကြ၏။ ထိုသံကွင်းသည် ကား မြေတိုက်သို့ ဆင်းသောတံခါး၌ တပ်ထားသော သံကွင်းနှင့် သဏ္ဍာန်တူချေ၏။ ဦးတိုက်စိုးကမူ အခန်းတွင်းသို့ ဝင်၍လည်း မကြည့်ဘူးကြောင်း၊ ဤတိုက်၌ မြေတိုက်တစ်ခုရှိခြင်း အကြောင်းကိုလည်း မသိဘူးကြောင်းနှင့် ထွက်ဆို၏။

ရဲအရာရှိနှင့် မောင်ထွန်းအုံတို့သည် ခုတင်ကိုဖယ်ရှားပြီးနောက် သံကွင်းကို ဆွဲကြရာတွင် တွေးထင်သည့်အတိုင်း မြေတိုက်တွင်းသို့ ဆင်းသော တံခါးဖြစ်ကြောင်း တွေ့ကြရလေ၏။ တံခါးကို ဖွင့်ကြသော အခါ၌ အောက်သို့ဆင်းသော လှေကားတစ်ခုပေါ်လာရာ အရာရှိ နှစ်ယောက်တို့သည် အောက်သို့ဆင်းသက်ကြရာတွင် အခြားပစ္စည်း တစ်စုံတစ်ရာမျှ မတွေ့ရဘဲ ဂျွန်နီဝါ့ကား ဝီစကီသေတ္တာတစ်လုံး ကိုသာလျှင် တွေ့ကြရလေ၏။ ရဲအရာရှိသည်လည်း သေတ္တာအဖုံးကို ဓားမကြီးတစ်ချောင်းနှင့် ကလန့်၍ကြည့်ရာ ကောက်ရိုးပတ်ထားသော ဝီစကီပုလင်းများကို တွေ့ရလေ၏။

ဦးတိုက်စိုးက ထိုပစ္စည်းများသည် မိမိ၏ပစ္စည်းမဟုတ်ကြောင်း၊ ယခင်ကနေဖူးသော အိမ်ရှင်၏ပစ္စည်း ဖြစ်တန်ကြောင်းနှင့်ပြော၏။ မောင်ထွန်းအုံက မည်သူ၏ပစ္စည်းပင်ဖြစ်စေ တွေ့သောသူ၏ ကုသိုလ် ကံဖြစ်ကြောင်းနှင့် ပြုံးရယ်ကာပြောသောအခါ ဦးတိုက်စိုးက ရှေး အဖိုးကြီးပီပီ သူတစ်ပါး၏ပစ္စည်းကို အပ်တိုတစ်ချောင်းမျှ မထိလို ကြောင်း၊ သူတစ်ပါးထိလိုသည်ကိုလည်း ခွင့်မပြုနိုင်ကြောင်းနှင့် ပြော ဆိုပြီးလျှင် ထိုပစ္စည်းကို ပိုင်ရှင်သို့ ပြန်အပ်ရန် ကြေငြာမည်ဖြစ်ကြောင်း နှင့်ပြော၍ မြေတိုက်တံခါးကို ပိတ်ထားစေလေ၏။

ကိစ္စအရပ်ရပ်ကို ဆောင်ရွက်ပြီးနောက် မောင်ထွန်းအုံသည် ရဲအရာရှိကို မိမိ၏နေအိမ်သို့ခေါ်သွား၍ ဦးသာဒွန်း၏အိတ်ထဲမှတွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



**သောစာကို** ပြပြီးလျှင် အတူတကွ ဆင်ခြင်စဉ်းစားကြ၏။ ၎င်းစာမှာ အောက်ပါအတိုင်းဖြစ်၏။

"စာရေးလိုက်ပါသည်။ ဥဩနိုင်းစေသမျှကို မျက်စိမှိတ်၍လုပ်ရသောအလုပ်မျိုးကို ကျုပ်မနှစ်သက်နိုင်ပါ။ သို့ဖြစ်၍ မောင်တို့အလုပ်ထဲမှာ ကျုပ်မပါဝင်လိုတော့ပါ။ ထိုက်တန်သမျှငွေကိုသာ ပေးပါတော့။ ကျုပ်ထွက်ပါတော့မည်။ တွေ့နေကြနေရာမှာ မောင့်ကိုမတွေ့လျှင် ဒီစာကို ကျုပ်ထားခဲ့မည်၊ မောင်တို့အကြံ..."

BURMESE CLASSIC

စာမှာ အပြီးမသတ်ဘဲ ထိုနေရာ၌ ဆုံးလျက်ရှိ၏။

မောင်ထွန်းအုံနှင့် ရဲအရာရှိတို့သည် ထိုစာကိုဖတ်ပြီးနောက် တွေးတောကြသည်မှာကား ဦးသာဒွန်းသည် ထိုစာကိုရေးပြီးသည်နောက် ဥဩနှင့် သူကိုယ်တိုင်တွေ့ဟန်ရှိ၏။ ဥဩက စိန်နားကပ်ကို ခိုးယူရန် အကြံပေးဟန်ရှိ၏။ ထိုအကြံအတိုင်း ဥဩနှင့်ဦးသာဒွန်းတို့သည် ဦးတိုက်စိုး၏တိုက်သို့ အတူတကွလာ၍ ခိုးယူကြရာတွင် အချင်းဖြစ်ပွား၍ ဥဩသည် ဦးသာဒွန်းကို သတ်ဖြတ်ဟန်တူ၏ စသည်ဖြင့် စဉ်းစားကြ၏။ သို့ရာတွင် စိန်နားကပ်ပျောက်ခြင်းကား တစ်ရက်အရင်ကျ၍ အခြားပစ္စည်းကိုကားမယူဘဲ စိန်နားကပ်တစ်ရံတည်းကိုသာ ယူသွားသည့်အချက်ကိုမူကား အရာရှိနှစ်ယောက်တို့သည် ကျေနပ်အောင် မစဉ်းစားတတ်ဘဲ ရှိနေကြလေ၏။ ■



www.burmeseclassic.com

www.burmeseclassic.com



[၁၅]

ဦးတိုက်စိုး၏သမီး မစိန်ရီသည် တွံတေးသို့ အလည်သွားလျက်ရှိစဉ် ၎င်း၏နေအိမ်အတွင်း၌ ပျောက်ဆုံးနေသူ : ဦးသာဒွန်း၏ အလောင်း တွေ့ရှိကြောင်း မောင်ထွန်းအုံထံမှ ကြေးနန်းရသည်နှင့် ထိုနေ့၌ပင် တွံတေးမှ ရန်ကုန်သို့ ပြန်လာခဲ့လေ၏။ ရန်ကုန်သို့ ပြန်ရောက်သည်နှင့် တစ်ပြိုင်နက် မစိန်ရီသည် မောင်ထွန်းအုံအား မိမိ၏နေအိမ်သို့ လာရောက်ရန် စာဖြင့်ရေးသား မှာထားလိုက်ရာ မောင်ထွန်းအုံသည် ထိုစာကိုရသောအခါ၌ ယခင်ကတစ်ကြိမ် ထိုစာမျိုး ရစဉ်တွင် ဦးသာဒွန်းက ကော်ဖီတွင် ဆေးခတ်၍တိုက်ဖူးသည့်အဖြစ် ကို သတိရသဖြင့် ပြုံးရယ်မိ၏။

မောင်ထွန်းအုံသည် မစိန်ရီတို့၏တိုက်သို့ ရောက်သောအခါ မောင်ဘသိန်းကတံခါးဖွင့်ပေး၍ ၎င်းက မိမိ၏ဆရာ ဦးတိုက်စိုး အား အမည်မသိလူတစ်ယောက်က အိမ်တွင်းသို့ ဝင်လာပြီးလျှင် စကား တစ်ခွန်းမျှ ပြောဆိုခြင်းမပြုဘဲ ဦးတိုက်စိုး၏ မျက်နှာကို ကြာပွတ်နှင့် ရိုက်ပြီးနောက် ထွက်ပြေးသွားကြောင်းနှင့် ပြောပြလေ၏။ ထိုအချိန်က မောင်ဘသိန်းမှာ နေအိမ်၌မရှိသဖြင့် ဆရာအား ကူညီရန် မတတ်နိုင် ကြောင်း၊ ဦးတိုက်စိုးမှာလည်း ယခုအခါ အပြင်သို့ သွားခိုက်ဖြစ်၍ မစိန်ရီသာလျှင်ရှိကြောင်းနှင့် မောင်ဘသိန်းက ပြောပြလေ၏။

မောင်ထွန်းအုံသည် မစိန်ရီတိုက်ပေါ်မှ ဆင်းလာသည်ကို မြင် သောအခါ၌ ညှိုးငယ်သောမျက်နှာရှိသည်ဟူ၍ သတိပြုမိ၏။ မစိန်ရီ သည် မောင်ထွန်းအုံအား နှုတ်ဆက်ပြီးသည်နောက် ကုလားထိုင်ပေါ် သို့ မထိုင်ဘဲ လွန်မင်းစွာစိတ်ရှုပ်လှသော အမူအယာနှင့် မောင် ထွန်းအုံ၏ လက်မောင်းကိုဖက်လျက် ''ကျွန်မဖြင့် သေသာသေချင် တော့တာပါပဲ ကိုထွန်းအုံရှင့်'' ဟု ရေရွတ်ကာ ငိုကြွေးလေရာ မောင် ထွန်းအုံမှာ အံ့အားသင့်လျက်ရှိ၏။ မောင်ထွန်းအုံကလည်း ချစ်ခင်လှ



www.burmeseclassic.com

www.burmeseclassic.com



သော သူငယ်ချင်း၏ရည်းစားဖြစ်သူ မစိန်ရီအား နုမကလေးကဲ့သို့ ကြင်နာခြင်းဖြင့် အားပေးစကားပြောကြားပြီးလျှင် စိတ်ပြေလက်ပျောက် ရှိစေရန် ရန်ကုန်၌မနေဘဲ အခြားတစ်မြို့တစ်ရွာသို့ သွားရောက် လည်ပတ်နေထိုင်ရန် အကြံပေးလေ၏။

ထိုအခါ မစိန်ရီက "ရှင့်ကို ကျွန်မက အစ်ကိုကြီးလို သဘော ထားပြီး ဝမ်းထဲမှာရှိတာတွေ အကုန်လုံး ဖွင့်ပြီးပြောလိုက်စမ်းချင်ပါဘိ တယ် ကိုထွန်းအုံရှင်" ဟု ပြောရာတွင် မောင်ထွန်းအုံမှာ အုံ့ညြ သည်ထက် အံ့ညြစွာနှင့် စိုက်ငေးကာ ကြည့်နေလေ၏။ မစိန်ရီကလည်း စကားဆက်လက်၍ ပြောတော့မည်ပြုပြီးမှ "ဟော၊ ဖေဖေပြန်လာပြီ" ဟုပြော၍ ကုလားထိုင်တွင်ထိုင်နေရာ ဦးတိုက်စိုးသည် တိုက်တွင်းသို့ ဝင်လာလေ၏။ ဦးတိုက်စိုး၏မျက်နှာ၌ကား ရဲရဲနီသော အစင်းကြီး တစ်စင်းသည် မျက်ခုံးတစ်ဖက်မှ မေးစေ့သို့တိုင်အောင် ကန့်လန့်ဖြတ် ထင်လျက်ရှိရာ အတော်ပင် ပြင်းထန်သော ဒဏ်ရာပေတကားဟု မောင်ထွန်းအုံ စဉ်းစားမိလေ၏။

မောင်ထွန်းအုံသည် ဦးတိုက်စိုး၏ ဒဏ်ရာကြီးကို မြင်သဖြင့် ဝမ်းနည်းစကားပြောပြီးလျှင် ၎င်းဒဏ်ရာသည် ဥညြ၏လက်ချက်ပင် ဖြစ်လေသလောဟု ဦးတိုက်စိုးအား မေးမြန်းရာတွင် ဦးတိုက်စိုးမှာ အမျက်ပြင်းစွာ ထွက်ဟန်လက္ခဏာရှိသော်လည်း ကျုံးဝါးခြင်းအလျဉ်း မပြုဘဲ ရွံ့ကြောက်လှသော အမူအယာဖြင့် ထိုဒဏ်ရာအကြောင်းကို ပြောဆိုလိုသည့် လက္ခဏာမရှိဘဲ သေဆုံးသူ ဦးသာဒွန်း၏ အမူ အကြောင်းကိုသာလျှင် ဆက်လက်၍ပြောပြလျက် လူမိသောကျီးကဲ့သို့ ကြောင်တောင်တောင်ကြီး ရှိနေသည့်အဖြစ်ကို မောင်ထွန်းအုံ တွေ့မြင် ရသဖြင့် နားမလည်နိုင်အောင် ရှိနေလေ၏။ ဦးတိုက်စိုးသည် စာရေး ကြီးတစ်ယောက်မျှသာ ဖြစ်သော်လည်း အရာရှိတစ်ဦးတစ်ယောက် ကဲ့သို့ ခမ်းနားတင့်တယ်စွာ နေထိုင်လေ့ရှိသည့်ပြင် အရာရှိတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကဲ့သို့ပင် စိတ်ကြီးဝင်လျက် ဟန်ကြီးပန်ကြီး လုပ်တတ်သူတစ်ယောက် ဖြစ်ခဲ့ရာ ထိုနေ့မှစ၍ ဟန်ကြီးသောအမူအယာ လုံးလုံးပျောက်ကင်းလျက် နှိမ့်ချကျိုးနွံသော မျက်နှာထား ရှိသည့်အဖြစ်ကို မောင်ထွန်းအုံ သတိပြုမိလေ၏။ သို့ရာတွင် ထိုကဲ့သို့ ရိုက်နှက်ခြင်းခံရရုံမျှနှင့် တစ်ခါတည်း စိတ်နေသဘောထား ပြောင်းလဲသွားမိသည့်အကြောင်းကိုမူ ထိုအခါက မစဉ်းစား မတွေးတောနိုင်သေးဘဲ ရှိနေခဲ့လေ၏။ ■



www.burmeseclassic.com

www.burmeseclassic.com



## [၁၆]

မောင်ထွန်းအုံသည် မတင့်မေ၏အိမ်ရှေ့၌ အစောင့်ထားသော ဘသီကို ဖမ်းမိသည့်နေ့မှစ၍ လူဆိုးများသည် မတင်မေအပေါ်၌ အကြံအစည် တစ်စုံတစ်ခု ရှိကြောင်းကို ရိပ်မိသည်ဖြစ်၍ ထိုလမ်း၌လှည့်သော ပတ္တရောင်များအား မတင်မေ၏အိမ်ကို သတိပြု၍ ကြည့်ရှုစောင့်ရှောက် ဖို့အကြောင်းနှင့် မှာထားဖူးလေသည်။ ထိုကဲ့သို့ တင်ကြို၍ စောင့်ရှောက် ခြင်းမှာလည်း အချည်းနှီးအကြောင်းမဲ့ မဟုတ်ကြောင်းကို အောက်ပါ အဖြစ်အပျက်များအားဖြင့် ထင်ရှားပေ၏။

တစ်ညသ၌ မတင်မေသည် အိပ်ရာသို့ဝင်ပြီးသည်နောက် ၎င်း၏ မောင်တင်ဦး လင်မယားနှစ်ယောက်တို့သည် မောင်ထွန်းအုံက သတိပေးထားခဲ့သည့်အတိုင်း အိပ်ခန်းသို့ပင် ဝင်ကြသော်လည်း သတိ ဝီရိယနှင့်နေကြ၏။ မောင်ထွန်းအုံက မတင်မေထိတ်လန့်မည်စိုးသည် အတွက် မိန်းကလေးကိုယ်တိုင်အား သတိမပေးသော်လည်း ထိုလင် မယားနှစ်ယောက်အားမူ ညအခါတွင် သတိနှင့်အိပ်ကြ၍ တတ်နိုင်ခဲ့ လျှင် တစ်ယောက်တစ်လှည့် စောင့်နေကျဖို့ပင် မှာထားဖူး၏။

ထိုည၌ မောင်တင်ဦးသည် မိမိကိုယ်တိုင် ခပ်စောစောအိပ်ရာသို့ ဝင်အိပ်၍ ဆယ့်နှစ်နာရီထိုးသည်နှင့် တစ်ပြိုင်နက် မယားအားအိပ်စေဖို့ အလှည့်ပေးပြီးလျှင် ၎င်းကိုယ်တိုင် ထိုင်၍စောင့်နေ၏။ မောင်တင်ဦး သည် မဂ္ဂဇင်းတစ်အုပ်ကိုဖတ်ရင်း အိပ်ခန်းမှစောင့်နေရာ နာရီပြန် နှစ်ချက်အချိန်တွင် နောက်ဖေးမီးဖိုဆီမှ 'ချောက်ချောက်' အသံ ကြား သည်နှင့် ထိုင်ရာမှထ၍ တုတ်ကြီးတစ်ချောင်းကိုကိုင်ကာ နောက်ဖေး ချောင်သို့ လျှောက်လာခဲ့၏။ အခန်းမကြီးသို့ရောက်လျှင် ဓာတ်မီး ခလုတ်ကို ဖွင့်လိုက်သဖြင့် မီးဖိုချောင်ရှိ ဓာတ်မီးပွင့်သည် ထိန်ထိန် လင်းလျက်ရှိရာ မီးဖိုပြူတင်းပေါက်သည် ပွင့်နေသည်ကို မြင်ရ၏။ ထိုအခါ မောင်တင်ဦးက မိမိ၏မယား ပေါ့လျော့သည်အတွက်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မပိတ်ဘဲ မေ့ထားခဲ့သည့်ထင်မှတ်၍ တံခါးကိုပိတ်ဖို့ရန် မီးဖိုခန်းသို့ ဝင်သွားသည်နှင့် တစ်ပြိုင်နက် 'ဝီ'ကနဲ မြည်သံ ကြားပြီးနောက် မာကျောသော အရာဝတ္ထုတစ်ခုသည် မောင်တင်ဦး၏ခေါင်းပေါ်သို့ အပြင်းအထန် ဆင်းသက်ထိခိုက်ရာတွင် မောင်တင်ဦးသည် ကြမ်းပေါ်တွင် ဟပ်ထိုးလဲ၍ မူးသွားလေ၏။

၎င်း၏မယား မရင်သည် အိပ်ရာမှလန့်နိုး၍ အခန်းတွင်းသို့ ဝင်လာသူကို မိမိ၏ယောက်ျားမှတ်သဖြင့် "ကိုတင်ဦး၊ ထမင်းထပြီး စားတယ်မှတ်တယ်" ဟု ပြောဆဲတွင် လက်ကနဲရှိသော အရာဝတ္ထု တစ်ခုကို မြင်လိုက်ရ၍ ဓားမြောင်မှန်းသိသည်နှင့် အံ့အားသင့်နေစဉ် "မအော်နဲ့နော်၊ ဓားထဲအသက်ပါသွားမယ်"ဟု ခြိမ်းခြောက်သံကို ကြားသည့်တွင်မှ ဆိတ်ဆိတ်နေလိုက်ရ၏။

မတင်မေသည် အအိပ်ဆတ်သော သူငယ်မတစ်ယောက်ဖြစ်သည့် အတိုင်း အိပ်ခန်းပြင်ဘက်မှ ခြေသံများကြားသည်နှင့် အိပ်ရာမှလန့်နိုး၍ လူးလဲကာထပြီးလျှင် "ဘယ်သူလဲ"ဟု မေးလိုက်၏။ အပြင်မှ အသံက "ကျွန်တော်ပါခင်ဗျာ၊ ကိုတင်ဦးလေ"ဟု ပြောလေ၏။ "ဘာ ကိစ္စလဲ"ဟု မေးပြန်ရာ "မရင်နေမကောင်းလို့ ထကြည့်ပါဦး"ဟု ပြောလေ၏။ ထိုအခါ မတင်မေသည် မောင်တင်ဦး၏အသံ မဟုတ် ကြောင်း သိသော်လည်း ဟန်ဆောင်လျက် "နေဦး ကိုတင်ဦးရေ၊ ကျွန်မတံခါးဖွင့်လိုက်မယ်"ဟုပြော၍ ဓာတ်မီးကိုဖွင့်ပြီးလျှင် မိမိ၏ ကြေးခုတင်ကြီးကို အခန်းတံခါးဆီသို့ လျှင်မြန်စွာရွှေ့ပြီးမှ တံခါးနှင့် ကပ်ထားလိုက်၏။ "ဖွင့်ပါဗျ၊ မြန်မြန်လုပ်ပါ မတင်မေ"ဟု အပြင်မှ ပြောသောအခါ "ဖွင့်ပါမယ်၊ အင်္ကျီဝတ်ပါရစေဦး"ဟု ပြောပြောဆိုဆို နှင့် ကြေးခုတင်နှင့် နံရံအကြားတွင် မှန်တင်စားပွဲကို ရွှေ့ထားလိုက် ပြန်၏။ သို့ဖြစ်သောကြောင့် အပြင်မှလူသည် အကယ်၍ မင်းတုန်း ကျိုးသည့်တိုင်အောင် တံခါးကိုတွန်းစေကာမူ ခုတင်နှင့်မှန်တင်စားပွဲ



www.burmeseclassic.com

www.burmeseclassic.com



သည် နံရံနှင့်တံခါးအကြားတွင်ညပ်လျက် ခံနေမည်ဖြစ်သောကြောင့် ရုတ်တရက်ဖွင့်၍ ရနိုင်မည်မဟုတ်ချေ။

အပြင်မှလူသည် တံခါးကို ဖွင့်ပေးမည်မဟုတ်ကြောင်းသိသည်နှင့် တရုတ်ကပ်ကိုချိုးပြီးလျှင် မင်းတုန်းကို လက်နှင့်စမ်းလေ၏။ မတင်မေသည် မုန့်တင်စားပွဲမှ သနပ်ခါးတုံးကိုယူ၍ လျှိုထားသောလက်ကို အားကုန် ထုရိုက်လိုက်ရာ ''အမယ်လေးဗျ''ဟုအော်ကာ လက်ကို နုတ်သွားလေ၏။ ထိုအခါ၌ လမ်းပေါ်မှ ဓာတ်မီးတလက်လက် မြင်သည်နှင့် မတင်မေသည် အိမ်ရှေ့ ပြူတင်းပေါက်သို့ ပြေးသွား၍ ''သူခိုးပါရှင့်၊ သူခိုးပါ''ဟု ဟစ်အော်ရာတွင် ပတ္တရောင်များလည်း ပြေးလာကြလေ၏။

ထိုအခါ မတင်မေ၏ အခန်းပြင်မှ ခြေသံများလည်း နောက်ဖေး ဆီသို့ ပြေးသွားကြလေ၏။ ပတ္တရောင်လုည့်သော စန္ဒလီကုလား လေးယောက်တို့သည် အိမ်ရှေ့မှ တံခါးဖွင့်ရန် ဟစ်အော်လျက်ရှိစဉ် မရင်သည် မိမိအား ဓားနှင့်ရွယ်ထားသောသူခိုး ထွက်ပြေးပြီဖြစ်၍ အိမ်ရှေ့တံခါးကို ဖွင့်ပေးလေ၏။ ပတ္တရောင်များသည် အိမ်တွင်းသို့ ဝင်လာကြသောအခါ သူခိုးများမှာ နောက်ဖေးပေါက်မှ ခုန်ဆင်းပြေးကြ ပြီဖြစ်၍ မီးဖိုထဲ၌ မူး၍လဲနေသော မောင်တင်ဦးသာလျှင် တွေ့ကြ လေ၏။

မတင်မေသည် ပတ္တရောင်တစ်ယောက်အား မောင်ထွန်းအုံ၏ အိမ်သို့သွား၍ နှိုးခေါ်ရန် စေလွှတ်လိုက်ရာ မောင်ထွန်းအုံသည် မကြာမီ အတွင်းတွင် အငှားကားတစ်စီးနှင့် ရောက်လာလေ၏။ မောင်ထွန်းအုံ သည် အဖြစ်အပျက်ကို ကြားသိရသောအခါ ထိုသူခိုးများသည် ပစ္စည်း ခိုးရန်အတွက် သက်သက်လာကြသော သူခိုးများမဟုတ်ကြောင်း မောင်ညွှန့်ဖူး ထွက်ပေါ်လာစေရန်အတွက် မတင်မေကို 'ပြန်ပေး'လုပ်ဖို့ ခိုးယူရန်လာကြခြင်း ဖြစ်တန်ရာ၏ဟု တွေးတောမိ၏။

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ထိုအတိုင်း မှန်ခဲ့လျှင် မောင်ညွှန့်ဖူးမှာ ဉာဩ၏လက်တွင်း၌မရှိ၊ မိမိ၏သဘောအလျောက် ငွေတစ်သိန်းနှင့်တကွ ဉာဩတို့လူစု မတွေ့ရလေအောင် ပုန်းရှောင်၍နေခြင်း ဖြစ်ရမည်ဟူ၍လည်း တွေးတော ချက်ရပြန်၏။ ယင်းသို့ဖြစ်လျှင် မောင်ညွှန့်ဖူးသည် အဘယ်အရပ်၌ ရှိနေလေသနည်း။ ■



www.burmeseclassic.com

www.burmeseclassic.com



[၁၅]

နောက်တစ်နေ့၌ မတင်မေသည် မစိန်ရီထံမှ ငွေနှင့်အတူ တွံတေးသို့ စိတ်ပြေလက်ပျောက် လာရောက်နေထိုင်ရန် ဖိတ်ကြားလိုက်သည့် စာတစ်စောင်ကို ရရှိလေ၏။ အကြောင်းကိုဆိုသော် မစိန်ရီသည် မိမိတို့နေအိမ်အတွင်း၌ ဦးသာဒွန်း၏အလောင်းကို တွေ့စဉ်အခါက ရန်ကုန်မြို့သို့ ခေတ္တပြန်လာပြီးနောက် တွံတေးသို့ တစ်ဖန် ပြန်သွား၍ တူးမြောင်းအနီးရှိ ဖခင်၏ခြံကြီးအတွင်းတွင် မိန်းမကြီး တစ်ယောက်နှင့် နေထိုင်လျက်ရှိလေ၏။ မတင်မေသည် ထိုစာကို ရသောအခါ မောင်ထွန်းအုံအားစာကိုပြ၍ တိုင်ပင်လေရာ မောင်ထွန်းအုံ က တွံတေးသို့သွားခဲ့လျှင် မတင်မေကို ဥသြ၏ဘေးရန်မှ မိမိ ကာကွယ်ရန် တတ်နိုင်တော့မည်မဟုတ်သည့်အတွက်ကြောင့် မသွား စေလိုသည် မှန်သော်လည်း မတင်မေ၏ သွားလိုသောဆန္ဒကို သိသည့် တစ်ကြောင်း၊ တင်းတင်းကြပ်ကြပ် တားဆီးနိုင်ရန် အခွင့်အရေးမပိုင် သည်လည်း တစ်ကြောင်းကြောင့် မိန်းကလေး၏အလိုအတိုင်း သွား စေခွင့် ပြုလိုက်ရလေ၏။

မတင်မေသည် ယောက်မလောင်းဖြစ်သော မစိန်ရီရှိရာခြံကြီးသို့ လိုက်သွားသောအခါ မိန်းကလေးနှစ်ယောက်တို့သည် သိကျွမ်းကြ သည်မှာ အတန်ကြာသော်လည်း အတူတကွ နေထိုင်ကြဖူးသည် မရှိ သေးသောကြောင့် တစ်ယောက်အားတစ်ယောက်ပြောပြရန် စကား မကုန်နိုင်ဘဲ ညဉ့်နက်သည့်တိုင်အောင် အတူယှဉ်တွဲကာ အိပ်ရင်း စကားပြော၍ နေကြ၏။

မတင်မေသည် အိပ်ရာမှနိုး၍ မျက်စိကို ဖွင့်ကြည့်လိုက်သော အခါတွင် နေမြင့်လှလေပြီ။ ထမင်းချက်သော မိန်းမကြီးကို မေးသော အခါ ဆယ်နာရီထိုးပြီးကြောင်းနှင့်ပြော၍ မစိန်ရီမှာလည်း သမ္ဗန်တစ်စင်း နှင့် ထွက်သွားကြောင်းပြောပြ၏။ မတင်မေသည် ဤမျှလောက် နေမြင့်



www.burmeseclassic.com

www.burmeseclassic.com



အောင် အိပ်ပျော်နေမိသည်ကို အံ့ဩလျက် လက်ဖက်ရည်သောက်ရင်း လမ်းဘက်သို့ မျှော်ကြည့်ရာတွင် မစိန်ရီသည် သံမွှန်ကလေးတစ်စင်းကို ကိုယ်တိုင်လှော်ခတ်၍ လာနေသည်ကို တွေ့မြင်ရလေ၏။ မစိန်ရီသည် သမ္ဗန်ကို ကမ်းတွင်ဆိုက်ထားခဲ့၍ အိမ်ပေါ်သို့တက်လာသောအခါ မတင်မေက အံ့ဩသောမျက်နှာနှင့် ...

"အလို မစိန်ရီ၊ မျက်နှာ ဘာဖြစ်တာလဲ"

"ဟိုဘက်ကမ်းမှာ လမ်းလျှောက်ရင်း သစ်မြစ်နဲ့ခြေနဲ့ငြိပြီး လဲခဲ့လို့ပါ" ဟုပြောသော်လည်း မျက်နှာ၌ရှိသောဒဏ်ရာမှာ လဲသောကြောင့် ခိုက်မိသောဒဏ်ရာနှင့် မတူသည့်ပြင် လက်ချောင်းရာများကိုလည်း နုထွဲဏ်သောပါးပြင်၌ မြင်မိသည်ဟူ၍ မတင်မေ အောက်မေ့မိ၏။

ထို့နေ့ နံနက်စာစားရင်း မစိန်ရီက နက်ဖြန် တနင်္ဂနွေနေ့တွင် မိမိ၏ဖခင် ဦးတိုက်စိုးသည် အလည်လာမည့်အကြောင်းနှင့် တယ်လီဖုန်းဖြင့် မှာလိုက်သည်ဟူ၍ ပြောပြ၏။ မတင်မေသည် ထမင်းစားသောက်ရင်း မစိန်ရီ၏အကဲကိုခတ်လျက်ရှိရာ မစိန်ရီမှာ အခါတိုင်းကဲ့သို့ ရွှင်ရွှင်ပျပျမရှိဘဲ ထိတ်လန့်ကြောက်ရွံ့သော အမူအရာရှိလျက် ရံဖန်ရံခါ ထမင်းစားရင်း နားစွင့်၍ထောင်နေသည်ကိုပင် မြင်မိသည်ဟူ၍ မတင်မေ၏စိတ်၌ အောက်မေ့မိ၏။

"ဘာဖြစ်တာလဲ မစိန်ရီ"

"ဘာမှမဖြစ်ပါဘူး မတင်မေ၊ ကျွန်မ စဉ်းစားနေတာပါ၊ ကျွန်မက တစ်ခါတစ်ခါ ဒီလိုပဲ စဉ်းစားတတ်တယ်၊ ကိုင်းလာ၊ ကျွန်မတို့အခန်းသွားကြစို့"

မစိန်ရီသည် အထူးသဖြင့် ကြင်နာယုယသော အမူအရာနှင့် မတင်မေ၏လက်ကို ကိုင်ဆွဲလျက် အခန်းတွင်းသို့ခေါ်သွား၍ ခုတင်နံဘေးရှိ ကုလားထိုင်ပေါ်၌ ထိုင်မိကြသောအခါ မှန်တင်စားပွဲအံဆွဲမှ



www.burmeseclassic.com

www.burmeseclassic.com



ဆင်စွယ်ရိုးနှင့် မိုးကြိုးကွပ်ထားသော ခါးမြောင်ကလေးတစ်စင်းကို ထုတ်၍ပြလေ၏။

''မတင်မေ ခါးမြောင်ကိုင်တတ်ရဲ့လား''

''ဒီလို ကိုင်ရတယ် မဟုတ်လား''

''မဟုတ်ဘူး၊ ဟောဒီလိုကိုင်ပြီး ရန်သူကို ဟောဒီလို တွတ်ရတယ်၊ ရှေ့ကတည့်တည့်မထိုးရဘူး ညီမရဲ့''ဟု ပြောလျက် မစိန်ရီသည် ရန်သူနှင့်တွေ့သောအခါ၌ ခါးမြောင်သုံးပုံကိုင်ပုံတို့ကို သင်ပြလေရာ မတင်မေမှာ အံ့ဩစွာနှင့် နာယူမှတ်သားလျက် ရှိနေလေ၏။

ထိုနေ့တစ်နေ့လုံး မစိန်ရီသည် မတင်မေအား ဘေးအန္တရာယ်နှင့် တွေ့ကြုံသည့်အခါများ၌ မိမိကိုယ်ကို မည်ကဲ့သို့ကာကွယ်ရပုံ အကြောင်းများကို သင်ပြလျက်ရှိရာ မတင်မေက ဘေးအန္တရာယ် တစ်စုံတစ်ရာ စိုးရိမ်စရာ ရှိပါသလောဟု မေးမြန်းသောအခါ၌ မစိန်ရီက ကိုယ့်ကိုကိုယ် ကာကွယ်သည့်နည်းကို တတ်ထားခြင်းမှာ လွန်နိုင်သည်မရှိကြောင်းနှင့်သာလျှင် ဖြေဆိုလေ၏။

ထိုညဉ့် အိပ်ရာသို့ ဝင်ကြသောအခါတွင် မစိန်ရီသည် ခါးမြောင်ကလေးကို မတင်မေ၏ခေါင်းအုံးအောက်၌ထား၍ အိပ်စေ၏။ ယမန်ညဉ့်က အိပ်ပျက်ကြသည်ဖြစ်သောကြောင့် မတင်မေမှာ အိပ်ရာသို့ ဝင်ပြီးနောက် မကြာမီအတွင်းတွင် အိပ်ပျော်ခြင်းသို့ ရောက်လေရာ သန်းခေါင်ကျော်အချိန်ခန့်တွင် နိုးလာသောအခါ၌ကား မိမိ၏အနီး၌ မစိန်ရီ မရှိတော့သည့်ပြင် တစ်ခန်းလုံးမှောင်လျက် အခန်းတွင်း၌ တစ်စုံတစ်ယောက် ရောက်နေသည်ဟု မတင်မေထင်မိ၏။ မတင်မေသည် ခေါင်းအုံးအောက်မှ ခါးမြောင်ကို ဆုပ်ကိုင်ပြီးနောက် အိပ်ရာမှ ထလိုက်ရာ 'မီးမခြစ်နဲ့ ဒုက္ခဖြစ်သွားမယ်'ဟု ခုတင်ခြေရင်းမှ ပြောသံကို ကြားရလေ၏။

''ဘယ်သူလဲ''

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူဖြစ်ဖြစ် အရေးမကြီးပါဘူး၊ ကိုင်း၊ ထ လိုက်ခဲ့"

မတင်မေသည် ဓားမြောင်ရိုးကို စိစိပါအောင် ကိုင်ဆုပ်လျက် ခုတင်ခြေရင်းမှ အသံကြားရာသို့ မစိန်ရီသင်ပြထားသည့်အတိုင်း ဓားမြောင်နှင့် ယောင်ယမ်း၍တွတ်လိုက်ရာ "အလယ်လယ်၊ ဟော့ မလုပ်နဲ့၊ အလိုလေးဗျ"ဟူသော အသံများကို ကြားရလေ၏။ နောက် တစ်ခဏ၌ မတင်မေသည် ခုတင်ပေါ်မှခုန်ဆင်း၍ ဝရန်တာသို့ထွက် သော တံခါးကို လျင်မြန်စွာဖွင့်ထွက်ပြီးလျှင် ဝရန်တာကိုကျော်ပြီးမှ တိုင်ကိုဖက်လျက် အောက်သို့လျောဆင်းပြေးလေ၏။ မြေသို့ရောက် သည်နှင့်တစ်ပြိုင်နက် မတင်မေသည် ကမ်းတွင်ဆိုက်ကပ်ထားသော သမ္ဗန်ကလေးကို သတိရ၍ ကမ်းဆီသို့ပြေးသွားလေ၏။

ထိုခဏ၌ အိမ်ပေါ်မှ ဆင်းပြေးလာသော ခြေသံများကို ကြားရ လေရာ မတင်မေသည် မည်သူမည်ဝါဖြစ်သည်ဟု လှည့်၍မကြည့်ဘဲ ရေဆိပ်သို့ အစွမ်းကုန်ပြေးသွားလေ၏။ ခြေသံသည်လည်း နောက်မှ တဖုတ်ဖုတ်ပြေး၍လိုက်လာရာ မတင်မေသည် သမ္ဗန်ပေါ်သို့ခုန်တက် ၍ သံကြိုးကိုဖြုတ်ပြီးနောက် တက်ဖြင့်လော်ယက်စပြုသည်နှင့် တစ် ပြိုင်နက် လူနှစ်ယောက်သည် ရေစပ်သို့ ရောက်လာလေ၏။

"ဟော့ ဘယ်ကလဲ၊ မသွားနဲ့၊ ပြန်လာခဲ့၊ ဘယ့်နှယ်မှမလုပ်ဘူး"

မတင်မေသည် ရပ်ဆိုင်းခြင်းမရှိဘဲ မိုင်တစ်ဝက်ခန့်မျှဝေးသော တွံတေးမြို့ဆီသို့ လော်ခတ်လေရာ လူနှစ်ယောက်တို့လည်း ရေထဲသို့ ခုန်ဆင်း၍ ရေကူးလျက်လိုက်လာကြ၏။ ကံအားလျော်စွာ ဒီရေသည် လည်း ရေတက်ဖြစ်သောကြောင့် တွံတေးမြို့ဘက်သို့ စီးလျက်ရှိ၏။

သမ္ဗန်လော်ခတ်ခြင်းသည် ရေကူးခြင်းထက် လျင်မြန်သည်ကား မှန်၏။ သို့ရာတွင် မတင်မေမှာ ကောင်းစွာခတ်လော်တတ်သူ တစ် ယောက် မဟုတ်ချေ။ ထို့ပြင် ထိုသူနှစ်ယောက်တို့သည် လက်ကို မြှောက်၍ ခြေခတ်ပုံတို့ကို ထောက်ချင့်ရသော် ရေကူးခြင်း၌ အလွန်



www.burmeseclassic.com

www.burmeseclassic.com



ကျွင်လည်ဟန် သကေ္ကဇာရှိကြ၏။ လှော်ခတ်ရန်ခရီးမှာ မိုင်တစ်ဝက်ခန့်မျှသာရှိသည်ဖြစ်ရာ မတင်မေ၏အကြံမှာ မြို့နှင့်နီးလာသောအခါ၌ အော်ဟစ်ရန် ဖြစ်လေ၏။

မတင်မေသည် မလှော်တတ် လှော်တတ်နှင့် ရေလယ်သို့ သမ္ဗန်ဦးကို ချိန်ပြီးနောက် ရေလယ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် မြို့ဘက်သို့ စုန်ဆင်းလေရာ လူနှစ်ယောက်တို့သည် ကမ်းဘက်မှ ဝိုင်းရံကာ ရေကူး၍လိုက်လာကြလေ၏။ အတန်ငယ် လှော်မိလေလျှင် မတင်မေသည် ထိတ်လန့်ကြောက်ရွံ့သည်ကတစ်ကြောင်း၊ ကောင်းစွာ မကျင်လည်သည်ကတစ်ကြောင်းကြောင့် သမ္ဗန်ဦးကို လိုရာသို့ တည့်တည့်မလှည့်စေနိုင်ဘဲ ထိုမှဤမှ လှည့်လည်၍သွားသဖြင့် သမ္ဗန်သည် တစ်ဖြောင့်တည်းမသွားဘဲ ကွေ့ကောက်ကာသွားလျက်ရှိရာ ရေကူးသော လူနှစ်ယောက်တို့သည် တဖြည်းဖြည်း နီးကပ်၍လာကြလေ၏။ ထိုအကြောင်းကို မတင်မေသိမြင်သောအခါတွင် ရှေးကထက် အားခဲ၍ လှော်ပြန်ရာ သမ္ဗန်သည်လည်း ရှေးကထက် ကွေ့ကောက်၍သွားပြန်လေ၏။ မြို့မှာမူကား မိုင်တစ်မတ်ခန့် လိုချေသေး၏။

မတင်မေသည် ရှိသမျှခွန်အားကို စိုက်ထုတ်၍ လှော်ခတ်ခြင်းဖြစ်သောကြောင့် မကြာမီအတွင်း လက်ပမ်းကျ၍ လာခဲ့ရာ လူနှစ်ယောက်တို့သည် သမ္ဗန်နောက်မှ ငါးတောင်မျှသာလျှင် ကွာဝေးလေတော့၏။ ထိုကိန်းအတိုင်းသွားခဲ့မူ သမ္ဗန်သည် တွံတေးသို့မရောက်မီ လူနှစ်ယောက်တို့သည် သမ္ဗန်ကိုမီတော့မည် မုချမလွဲဖြစ်လေရာ ထိုခဏ၌ မတင်မေသည် သမ္ဗန်ဦးနှင့် ဆယ်တောင်ကွာလောက်တွင် မည်းမည်းကြီးရှိသော အရာဝတ္ထု တစ်ခုကို တွေ့မြင်ရ၏။ နောက်တစ်ခဏ၌ ထိုအရာသည် ကျောက်ချ၍ထားသော တုံကင်းကြီးတစ်ခုဖြစ်ကြောင်းကို သိသည်နှင့် မတင်မေသည် "ကယ်ကြပါရှင့်၊ ကယ်ကြပါ"ဟု ဟစ်အော်ရင်း တုံကင်းနံဘေးသို့ လှော်ခတ်ရန် ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



လေရာ နံဘေးသို့မရောက်ဘဲ တည့်တည့်ကြီးဝင်တိုက်သဖြင့် သမ္မန်သည် စောင်းငဲ့ကာ မှောက်သွားလေ၏။ နောက်တစ်ခဏ၌ သန်စွမ်းသောလက်တို့ဖြင့် မတင်မေ၏လက်မောင်းများကို ဆွဲယူလျက် တုံကင်းပေါ်သို့တင်ရင်း "တင်မေအသံမှတ်တယ်"ဟု ပြောလိုက်သော အသံကိုကြားရပြီးနောက် မတင်မေသည် ရေမွန်းသော ဝေဒနာကြောင့် သတိလစ်သွားလေ၏။ ■



www.burmeseclassic.com

www.burmeseclassic.com



**[၁၈]**

**မောင်ထွန်းအုံသည် ဦးတိုက်စိုး၏ နေအိမ်ကို ဒုတိယအကြိမ် သူခိုးများဖောက်ထွင်း၍ ဝင်ပြန်ကြောင်းနှင့် သတင်းရသဖြင့် ဌာနအုပ် တစ်ယောက်နှင့်အတူ** ဦးတိုက်စိုး၏နေအိမ်သို့ သွားရောက်ကြည့်ရှုကြ ပြန်လေ၏။ အိမ်ကိုဖောက်ထွင်းသောအမှုမှာ စင်စစ်အားဖြင့် ဌာနအုပ် သာလျှင် စစ်ဆေးရန် ဝတ္တရားရှိသည်မှန်သော်လည်း စုံထောက်ဘက် ဌာနက မောင်ထွန်းအုံအား ဉာဏ်နှင့်ပတ်သက်သော အမှုမှန်သမျှကို မောင်ထွန်းအုံကိုယ်တိုင် စုံထောက်၍ ဉာဏ်ဆိုသူကို ပေါ်ပေါက်အောင် ထောက်လှမ်း စုံစမ်းဖို့ တာဝန် လွှဲထားခဲ့သည် ဖြစ်သောကြောင့် မောင်ထွန်းအုံမှာ ထိုအိမ်ဖောက်မှု၌ ဌာနအုပ်နှင့်အတူ လိုက်ပါသွား ခြင်း ဖြစ်လေသည်။

ဦးတိုက်စိုး၏တိုက်ကို ဒုတိယအကြိမ် ဖောက်ထွင်းသောညသည် တနင်္ဂနွေနေ့ဖြစ်သောကြောင့် ဦးတိုက်စိုးမှာ တွံတေးသို့ အလည် သွားနေခိုက်ဖြစ်ရာ တိုက်ကို ဖောက်ထွင်းသည့်သတင်းကို မောင်ဘသိန်းက တိုင်တန်းသဖြင့် ရဲအရာရှိတို့ သိရှိရခြင်း ဖြစ်လေ သည်။

မောင်ဘသိန်း၏ အဆိုမှာလည်း ညဉ့်၌ ၎င်းတိုက်တွင် ဦးတိုက်စိုး နှင့် မစိန်ရီတို့ မရှိခိုက်အတွင်း မိမိတစ်ယောက်တည်း စောင့်၍အိပ် ကြောင်း၊ သူခိုးများသည် တိုက်တွင်းသို့ ဖောက်ထွင်း၍ဝင်သွားသည် ကို မိမိအလျဉ်းမနိုးသဖြင့် မသိလိုက်ကြောင်း၊ သန်းခေါင်ကျော်လောက် မှ ပတ္တရောင်များသည် တိုက်တံခါးပွင့်နေသည်ကို မြင်ကြ၍ တိုက် ထဲသို့ ဝင်လာပြီးလျှင် မိမိအားနှိုးသောအခါမှ တိုက်ကိုလူဖောက်သွား ကြောင်း သိရကြောင်း၊ မောင်ဘသိန်း၏အထင်မှာ မိမိသည် အလွန် တရာ အအိပ်ဆတ်သူတစ်ယောက် ဖြစ်ပါလျက် ထိုကဲ့သို့ မနိုးဘဲရှိနေ ရခြင်းမှာ ဆေးမိထားသောကြောင့်ဖြစ်သည်ဟု တွေးထင်ကြောင်း၊



www.burmeseclassic.com

www.burmeseclassic.com



ထိုညဥ့်၌ ကော်ဖီတစ်ခွက်ဖျော်၍ တစ်ယောက်တည်းသောက်ရာတွင် ကော်ဖီသည် အလွန်ခါးလှသည်ဟု မိမိထင်မိကြောင်းများနှင့် ပြောပြလေသည်။

ဗွာနအုပ်နှင့် မောင်ထွန်းအုံတို့သည် မောင်ဘသိန်း၏ အထက်ပါစကားတို့ကို ကြားရပြီးနောက် တိုက်ကိုဖောက်ထွင်းပုံနှင့် မည်သည့်ပစ္စည်းများ ပါသွားသည်ကို စစ်ဆေးကြည့်ရှုမည်ပြုဆဲတွင် ဦးတိုက်စိုးသည် တွံတေးမှပြန်ရောက်လာ၍ တိုက်ထဲသို့ဝင်လာလေ၏။ ဦးတိုက်စိုးသည် တိုက်ကို လူဖောက်သည့် သတင်းကို ကြားရသောအခါတွင် အလွန်တရာ စိတ်ရှုပ်သောအမူအရာနှင့် နဖူးကိုလက်ဝါးနှင့်ရိုက်ကာ ငြိုးတွားလေ၏။ *

ဗွာနအုပ်နှင့် မောင်ထွန်းအုံတို့သည် သူခိုးများ ဖောက်ဝင်ပုံကို စုံစမ်းကြည့်ရှုကြပြီးနောက် ယခင်က အခန်းကိုလည်းဖွင့်၍ မြေတိုက်တံခါးကို ဖွင့်ကြလေ၏။ ထိုသို့ပြုခြင်းမှာ သူခိုးများသည် မြေတိုက်ဘက်မှ ဥမင်လိုဏ်ခေါင်းတူး၍ ဝင်လေသလောဟု ကြည့်ရှုခြင်းဖြစ်၏။ မောင်ထွန်းအုံသည် မြေတိုက်တံခါးကို ဖွင့်ပြီးနောက် လက်နှိပ်ဓာတ်မီးနှင့် အောက်သို့ထိုးကြည့်ရာမှ

"ဟော၊ မရှိဘူးဗျို့"

"ဘာမရှိတာလည်းမောင်"

"ဦးရဲ့ ဝီစကီသေတ္တာလေ၊ ပြန်ပို့လိုက်လို့လား"

"မပို့ရသေးပါဘူးမောင်၊ ခက်ကုန်ပါပြီဗျ" ဟုပြောလျက် ဦးတိုက်စိုးသည် နဖူးကို လက်ဝါးနှင့် ရိုက်ပြန်လေ၏။

"ဘာကြောင့်ခက်တာလဲ ဦးရဲ့၊ ဝီစကီသေတ္တာ ပျောက်တာနဲ့ ဒီလောက်တောင် ဖြစ်ရသလား"

"ကျုပ်ပစ္စည်း မဟုတ်လို့ပါမောင်"

ထိုအခါ မောင်ထွန်းအုံက ဦးတိုက်စိုးသည် သူတစ်ပါး၏ ဝီစကီ



www.burmeseclassic.com

www.burmeseclassic.com



သေတ္တာ ပျောက်ဆုံးသည့်အတွက် ဤမျှလောက် စိတ်ဒုက္ခရောက်ရသည်ကို ထောက်သည့်ရှိသော် မျက်နှာကို ကြာပွတ်နှင့် အရိုက်ခံရပြီးသည့်မှစ၍ ဦးတိုက်စိုးမှာ စိတ်ကတောက်ကတက် ဖြစ်နေရှာသည်ဟု တွေးထင်မိလေ၏။ မောင်ဘသိန်းမှာမူ ရဲအရာရှိများနှင့်အတူ မြေတိုက်ကို ကြည့်နေရာမှ ပျောက်ကွယ်၍သွားလေ၏။

ဦးတိုက်စိုးမှာမူ မည်သို့သောအကြောင်းကြောင့်မသိ ဒူးများတဆတ်ဆတ်ခါအောင် တုန်လှုပ်လျက် တောင်ကြည့်မြောက်ကြည့်နှင့်ရှိနေရာမှ ဤတိုက်တွင် မနေရစ်ဝံ့သောကြောင့် ရဲအရာရှိများနှင့်အတူလိုက်ပါရစေဟု တောင်းပန်လေ၏။ ဌာနအုပ်နှင့် မောင်ထွန်းအုံတို့လည်း တစ်ယောက်၏မျက်နှာကို တစ်ယောက်ကြည့်လျက် ဤလူကြီးကား ရူးသွပ်ချေပြီဟု မှတ်ထင်ကြ၏။ သို့ရာတွင် အတူလိုက်လိုခြင်းကို မငြင်းဆန်နိုင်သည့်ဖြစ်သောကြောင့် ခေါ်သွားကြလေရာ

လမ်းထောင့်သို့ ရောက်သောအခါတွင် ဌာနအုပ်သည် ပုဇွန်တောင်ဘက်သို့သွား၍ ဦးတိုက်စိုးမှာ မောင်ထွန်းအုံနှင့်အတူ ဘူတာရုံဘက်သို့ လျှောက်သွားကြလေ၏။

၊လမ်းထောင့်သို့ ရောက်သောအခါ လူတစ်ယောက်သည် မော်တော်ဆိုင်ကယ်စီးသမားများ တပ်ဆင်လေ့ရှိသော မျက်မှန်ကြီးတပ်လျက် အရှေ့မှအနောက်သို့ မော်တော်ဆိုင်ကယ်တစ်စီးကို စီးလာရာ အလွန်မြန်လှသော ဆိုင်ကယ်မျိုးဖြစ်သောကြောင့် တစ်လမ်းလုံး တဖုံးဖုံးနေအောင် ဆူညံသွားလေ၏။ မောင်ထွန်းအုံတို့အနီးသို့ ရောက်သောအခါ ထိုသူသည် ၎င်းတို့နှစ်ယောက်အနီးမှကပ်၍

လမ်းဘက်သို့ ချိုးသွားလေရာ ဦးတိုက်စိုးမှာ ဆိုင်ကယ်တိုက်မိမည် စိုးသောကြောင့် မောင်ထွန်းအုံဘက်သို့ ဖိ၍ရှောင်တိမ်းလိုက်၏။ မောင်ထွန်းအုံသည်လည်း မိမိ၏ဘက်သို့ ရုတ်တရက်အိ၍ကျလာသော ဦးတိုက်စိုး၏ ကိုယ်ကြီးကို တွန်းဖယ်၍ တည့်မတ်အောင်ထူပေးရာတွင်



www.burmeseclassic.com

www.burmeseclassic.com



ဦးတိုက်စိုး၏ကိုယ်သည် ထူ၍မရနိုင်ဘဲ ကွေးညွတ်၍ကျလေ၏။ ထိုအခါ မောင်ထွန်းအုံသည် အံ့ဩလှစွာနှင့် ဦးတိုက်စိုး၏မျက်နှာကို ကြည့်လိုက်ရာတွင် မျက်တောင်များစင်းလျက် အသက်မရှိတော့သည့်အဖြစ်ကို သိရှိရလေ၏။ ဦးတိုက်စိုး၏ရင်ဝ၌ကား သေနတ်မှန်ထားသော ဒဏ်ရာမှ သွေးများယိုစီးလျက် ထွက်နေသည်ကိုလည်း တွေ့မြင်ရလေ၏။ ■



www.burmeseclassic.com

www.burmeseclassic.com



## [၁၉]

မောင်ထွန်းအုံသည် မတင်မေ ပျောက်သွားသဖြင့် တွံတေးသို့ အမြန်လာရန်အကြောင်းနှင့် မစိန်ရီထံမှ တယ်လီဖုန်းဆက်၍ ပြောလိုက်သဖြင့် သင်္ဘောဆိပ်သို့ အငှားကားနှင့်ပြေးသွားရာ တွံတေးသင်္ဘောသည် လွန်ခဲ့သောငါးမိနစ်ခန့်ကပင် ထွက်သွားနှင့်လေပြီ။ သို့ဖြစ်၍ မောင်ထွန်းအုံသည် ရေကြောင်းဘက် ရဲအရာရှိများထံ အကျိုးအကြောင်းကို ပြောပြ၍ မော်တော်ဘုတ်တစ်စင်းကို ငှားပြီးလျှင် တွံတေးသို့ စက်ကုန်မောင်းနှင်၍ လာခဲ့လေ၏။

မစိန်ရီတို့၏ခြံသို့ ရောက်သောအခါ ခြံတွင်းအိမ်မှာ လူတစ်ယောက်မှမရှိဘိသကဲ့သို့ တိတ်ဆိတ်စွာရှိနေရာ မောင်ထွန်းအုံသည် အိမ်ပေါ်သို့တက်သွား၍ တစ်အိမ်လုံးကို ရှာဖွေသောအခါတွင် အိပ်ခန်းအတွင်း ကြိုးများနှင့်တုပ်နှောင်ထားသော မစိန်ရီကို တွေ့ရလေ၏။ မစိန်ရီမှာ မျက်နှာ၌ ရိုက်နှက်ထားသော ဒဏ်ရာများဖြင့် ညိုမည်းလျက်ရှိသည့်ပြင် သတိကောင်းစွာမရဘဲ ငြီးငြူလျက်ရှိလေ၏။ မောင်ထွန်းအုံသည် ကြိုးများကိုဖြေပြီးနောက် မျက်နှာကို ရေနှင့်ပက်ဖြန်းသောအခါမှ မစိန်ရီသည် မျက်လုံးများဖွင့်ကြည့်၍...

"ကိုထွန်းအုံ"

"မတင်မေကော ဘယ်မှာလဲ"

"ကျွန်မလည်း တတ်နိုင်သလောက်တော့ ကူညီပါတယ်ရှင်၊ နို့ပေမယ့် သူတို့လက်တွင်းဖြစ်လေတော့ ..."

"ဘယ်သူ့လက်တွင်းလဲ၊ ဥဩလား"

"ဟုတ်ပါတယ်"

"မစိန်ရီ မှန်မှန်ပြောစမ်း၊ ဥဩနဲ့ခင်ဗျားနဲ့ ဘယ်လိုဆက်သွယ်ခြင်းရှိသလဲ"

"ဥဩက ကျွန်မတို့ဆရာ၊ ဦးသာဒွန်းရဲ့ဆရာ၊ ဦးတိုက်စိုးရဲ့ ဆရာ



www.burmeseclassic.com

www.burmeseclassic.com



ပါရှင်၊ ဦးတိုက်စိုးကိုလည်း သူစီရင်မှာပဲ''

''စီရင်ပြီးပြီ၊ ဦးတိုက်စိုးသေပြီ''

''အို၊ ဖြစ်ရလေ''

''ဦးတိုက်စိုးဟာ ခင်ဗျားအဖေ မဟုတ်ဘူးလား''

''ဘာမှမတော်ပါဘူးရှင်၊ ဆရာတူတပည့်ပါ''

''နေပါဦး၊ ဉဩဆိုတာ ဘယ်သူလဲ''

''ဒါတော့ ကျွန်မမပြောပါရစေနဲ့ရှင်၊ သည်းခံပါ၊ ရှင်လည်း စုံထောက်ပဲ၊ ရှင့်ဘာသာပေါ်အောင် စုံထောက်ပါတော့၊ ကျွန်မ သစ္စာမဖောက်ပါရစေနဲ့''

''မစိန်ရီကိုရိုက်ပြီး ကြိုးနဲ့တုပ်သွားတာ ဉဩမဟုတ်လား''

''မှန်ပါတယ်''

''ဒါနဲ့တောင် ဖော်မပြောဘူး''

''မပြောဝံ့လို့ပါရှင်''

''ဘယ်အပြစ်ကြောင့် မစိန်ရီကို ရိုက်သလဲ''

''မတင်မေကို ဓားမြောင်ကိုင်ပုံ သင်ပေးမိတာကတစ်ပြစ်၊ ရှင့်ဆီကို တယ်လီဖုန်းဆက်တာ မိသွားတာကတစ်ပြစ်၊ နှစ်ပြစ်ပါရှင်''

''မစိန်ရီက ဉဩတပည့်ဆိုလျှင် ဘယ့်နှယ်ကြောင့် ကျုပ်တို့နဲ့ ပူးပေါင်းသလဲ''

''အစတုန်းကတော့ ကိုညွန့်ဖူးပစ္စည်းကို လိမ်ယူကြဖို့ သဘောတူ ကြံစည်ကြပါတယ်၊ နောက်တော့ ကျွန်မက ကိုညွန့်ဖူးကို တကယ် မေတ္တာရှိလေတော့ သူတို့အကြံအစည်ပျက်အောင် ကြံဝံ့သလောက် ကြံခဲ့ရပါတယ်၊ သို့သော် ဉဩကို ကြောက်သည့်အတွက်ကြောင့် ရှင်တို့ကို အကြောင်းစုံဖွင့်မပြောဝံ့ဘဲ တတ်နိုင်သလောက်သာ ကူညီခဲ့ရပါတယ်''

''ကောင်းပြီ မစိန်ရီ၊ ဒီမှာခဏနေဦး၊ မတင်မေကို ကျုပ်လိုက်ရှာ



www.burmeseclassic.com

www.burmeseclassic.com



ဦးမယ်၊ မတင်မေကို သူတို့ဖမ်းသွားသလား၊ သို့မဟုတ် ဘယ်လိုလဲ''

''သူတို့ဖမ်းလို့မိမယ် မထင်ပါ၊ သမ္ဗန်ကလေးနဲ့ လော်ပြေးပါတယ်''

''ကောင်းပြီ၊ နေရစ်ဦး''

၎င်းနောက် မောင်ထွန်းအုံသည် မော်တော်ဘုတ်သို့ ဆင်း၍ တွံတေးချောင်းတွင် ခေါက်တုန့်ခေါက်ပြန် စုံစမ်းရှာဖွေရာ မတင်မေစီးသွားသော သမ္ဗန်ကိုသာတွေ့၍ မတင်မေကိုကား မတွေ့ရချေ။ သို့ဖြစ်၍ မောင်ထွန်းအုံ မစိန်ရီထံသို့ပြန်သွား၍ မစိန်ရီမှာ လူဆိုးများနှင့်ပူးပေါင်း၍ မောင်ညွှန့်ဖူး၏ ပျက်စီးကြောင်းကို ကြံစည်ခဲ့သည့်မှန်သော်လည်း နောက်ဆုံး၌ မောင်ညွှန့်ဖူးကို မေတ္တာရှိပါသည်ဟူ၍ ဝန်ခံသောစကားကို ကြားရသည့်အတွက်ကြောင့် ဖမ်းဆီးခြင်းမပြုဘဲ ဥသြကို မိမိကိုယ်တိုင် တွေ့အောင်ရှာမည်ဖြစ်ကြောင်း၊ အကြောင်းရှိက မိမိထံ အကူအညီတောင်းနိုင်ကြောင်းများနှင့် မှာထားပြီးလျှင် မော်တော်ဘုတ်နှင့် ရန်ကုန်သို့ ပြန်လာခဲ့လေ၏။

လမ်းခရီး၌ မောင်ထွန်းအုံသည် ဆေးတံကို တစ်ဆုံပြီးတစ်ဆုံ ဖွာရင်း စဉ်းစားတွေးတော၍လာရာ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်လုနီးကာမှ ''အမလေးဟဲ့၊ ထူလိုက်တဲ့ငါ၊ အ,လိုက်တဲ့ငါ''ဟု ရေရွတ်လျက် ကမ်းသို့ဆိုက်သည်နှင့်တစ်ပြိုင်နက် ဌာနသို့ပြေးသွားလေ၏။ ဌာနအုပ်အား အကျိုးအကြောင်းကိုပြောပြ၍ ပုလိပ်သားခြောက်ယောက်ခန့်နှင့် ဦးတိုက်စိုး၏အိမ်သို့သွားပြီးလျှင် မောင်ဘသိန်းကိုရှာသော်လည်း မတွေ့ရတော့ချေ။

''ဘာပြုလို့ မောင်ဘသိန်းကိုရှာတာလဲ ကိုထွန်းအုံ''

''ဥသြဆိုတာ မောင်ဘသိန်းပဲဗျ'' ■



www.burmeseclassic.com

www.burmeseclassic.com



## [၂၀]

မောင်ထွန်းအုံသည် မိမိ၏နေအိမ်၌ ထိုနေ့က အဖြစ်အပျက်များကို အစီရင်ခံစာ ရေးသားလျက်ရှိစဉ် တပည့်ဘိုးကဲက မိန်းမ ဧည့်သည် တစ်ယောက် ရောက်လာသည်ဟု ပြောလာ၏။ မောင်ထွန်းအုံလည်း မတင်မေထင်မှတ်၍ ဝမ်းမြောက်ဝမ်းသာနှင့် ဧည့်ခန်းသို့ ထွက်လာရာတွင် မတင်မေ မဟုတ်။ မစိန်ရီကို တွေ့ရလေ၏။

မစိန်ရီက ဉာဉ့်သည် မိမိ၏အသက် ရန်ရှာမည်ဟု စိုးရိမ်ရသည့် အတွက် ဤအိမ်၌ အိပ်ခွင့်ပေး၍ ကိုထွန်းအုံက ကာကွယ်ပါမည့် အကြောင်းနှင့် သနားစဖွယ် တောင်းပန်ရာတွင် မောင်ထွန်းအုံမှာ မစိန်ရီ သည် လူဆိုးအသင်းဝင်တစ်ယောက်ပင် ဖြစ်သော်လည်း အကျဉ်း အကျပ်၌ ကျရောက်နေခြင်းကို ကရုဏာဖြစ်သည့်အတွက် တတ်နိုင် သမျှ ကူညီရန် ကတိထားရလေ၏။ မောင်ထွန်းအုံ၏အိမ်၌ မိန်းမ ဟူ၍ မရှိဖြစ်ရကား တစ်ခန်းတည်း၌ အတူအိပ်ရမည်ကို လူ ကဲ့ရဲ့ဖွယ်ဖြစ်မည်ကိုလည်း စိုးရိမ်မိ၏။

သို့ဖြစ်၍ ထိုညဉ့်၌ တပည့်ဘိုးကဲကို လှေကားအတက်ဝ တံခါးဝ တွင် အိပ်ရာပြင်ပေး၍ မစိန်ရီအားမူ ဧည့်ခန်းအတွင်း ဆိုဖာပေါ်တွင် အိပ်စေလျက် မောင်ထွန်းအုံကမူ အိပ်ခန်းအတွင်း မိမိ၏အိပ်ရာ၌ အိပ်လေ၏။ မောင်ထွန်းအုံက မစိန်ရီအား အခန်းထဲသို့ ဝင်အိပ်စေ၍ မိမိက ဧည့်ခန်းမှအိပ်ဖို့ပြောသော်လည်း မစိန်ရီက သူတစ်ပါး၏အိပ်ရာ ကို လုံး၍မအိပ်လိုကြောင်းနှင့်ပြော၍ ဆိုဖာပေါ်၌သာလျှင် အိပ်လေ၏။

မောင်ထွန်းအုံမှာ မစိန်ရီအတွက် စိုးရိမ်ကြောင့်ကြသောကြောင့် စောစော၌ အိပ်မပျော်ဘဲရှိနေသော်လည်း စိတ်မောကိုယ်မောဖြစ်သော ရက်ပေါင်း များလှပြီဖြစ်၍ သန်းခေါင်မတိုင်မီ အိပ်ပျော်သွားလေ၏။

မောင်ထွန်းအုံသည် အအိပ်ဆတ်သူတစ်ယောက် ဖြစ်သည့် အတိုင်း နောက်ဖေးအုတ်နံရံမှ ချောက်ချောက်မြည်သံကြား သည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



လန့်နိုး၍ နာရီကိုကြည့်ရာ နာရီပြန်နှစ်ချက်ထိုးလျက် ရှိသည်ကို တွေ့ရ၏။ ထို့နောက် ချောက်ချောက်မြည်သောအသံကို နားစွင့်ကာထောင်လျက် အသက်ကိုအောင့်ထားစဉ် နောက်ဖေးပြူတင်းပေါက်မှမှန်သည် 'ခွမ်း' ကနဲကွဲ၍သွား၏။

မောင်ထွန်းအုံလည်း အိပ်ရာမှလူးလဲကာ ထဆဲတွင် ၎င်း၏အိပ်ခန်းအတွင်း ကြမ်းပေါ်သို့ တစ်စုံတစ်ခုသော အရာဝတ္ထုသည် 'ဒုန်း' ကနဲကျသံကို ကြားလိုက်ရ၏။ လျင်မြန်သောဉာဏ်ရှိကြောင်းနှင့် အထက်အရာရှိကြီးများ၏ ချီးမွမ်းခြင်းကိုခံရသော မောင်ထွန်းအုံသည် ထိုအသံကိုကြားသည်နှင့် တစ်ပြိုင်နက် မည်သည့်အရာမျိုး ဖြစ်တန်ရာ၏ဟု ရုတ်တရက်တွေးမိသဖြင့် အိပ်ရာသို့ ချက်ချင်းပြန်လှဲပြီးလျှင် ကိုယ်ကိုမွေ့ရာဖြင့် ပတ်ထားလိုက်၏။ နောက်တစ်ခဏ၌ 'ဒိုင်း' ကနဲအသံကို ကြားရပြီးနောက် မှန်ပြတင်းများ၊ မှန်တင် စားပွဲများ၊ ကုလားထိုင်များ စသည့် အိပ်ခန်းတွင်းရှိပစ္စည်းများသည် 'တဂျုံးဂျုံး၊ တဂျွင်းဂျွင်း' ကျိုးပဲ့ ပျက်စီးကြလေ၏။

တစ်ခဏကြာသောအခါမှ မောင်ထွန်းအုံသည် ရစ်ပတ်ထားသော မွေ့ယာအတွင်းမှထွက်လာ၍ ခလုတ်မီးခလုတ်ကိုနှိပ်လေရာ ခလုတ်ကြိုးလည်းပြတ်သွားချေပြီ။ ထိုအတောအတွင်း ယခင်က မြည်ဟိန်းသော အသံကြီးကြောင့် တစ်ရပ်လုံးနိုးလာ၍ အုတ်အုတ်ကျက်ကျက်ရှိနေကြရာ မောင်ထွန်းအုံသည် တံခါးကိုဖွင့်၍ ဘိုးကဲထံမှ မီးခြစ်ကိုတောင်း၍ မီးအိမ်ကိုထွန်း၏။ အိပ်ခန်းအတွင်း ဝင်၍ကြည့်လိုက်သောအခါ တစ်ခန်းလုံး ရစရာမကောင်းအောင် ပျက်စီးနေကြောင်းတွေ့ရ၏။

ဒိုင်းကနဲမြည်သောအရာမှာ အခြားမဟုတ်၊

လက်ပစ်ဗုံး

ဖြစ်လေသည်။ ပစ္စည်းမည်မျှပင် ပျက်စီးစေကာမူ မစိန်ရီကို



www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ အိမ်သားများကိုလည်းကောင်း ထိခိုက်နာကျင်ခြင်း မရှိသည့်အတွက် ဝမ်းသာရသေးကြောင်းနှင့် မောင်ထွန်းအုံကလာရောက်မေးမြန်းကြသူ ဧည့်သည်များအား ပြောပြလျက်ရှိလေသ ■



www.burmeseclassic.com

www.burmeseclassic.com



## [၂၁]

ညကိုးနာရီအချိန်ခန့်၌ ကျွန်ုပ်တို့သည် ဘုံဘေပျော်ပွဲစားရုံအတွင်း အခန်းကလေးတစ်ခန်းတွင် စားပွဲ၌ထိုင်ကာ ပြုံးစိစိမျက်နှာထားနှင့် သတင်းစာဖတ်လျက်ရှိသော လူတစ်ယောက်ကို မြင်ကြရသော် ထိုသူသည် မောင်ထွန်းအုံရှာဖွေလျက်ရှိသော မောင်ဘသိန်းဖြစ်သည်ဟု မည်သည့်နည်းနှင့်မျှ တွေးထင်နိုင်ကြမည် မဟုတ်ချေ။ အသစ်ရောင် မညှိုးသေးသော တာဖက်တာရင်ဖုံးအင်္ကျီ၊ ရွှေဖလားရောင် ဇန်ကော်ကက်လုံချည်၊ တောက်ပပြောင်လက်သော ဆက်ဖုံးဖိနပ်နှင့် သဏ္ဌာလပ်ခြေအိတ်၊ သပ်ယပ်စွာပေါင်းထားသော သနပ်ခါးရောင်ပဝါနှင့် တစ်မိုက်ခန့်မျှ ချထားသော ခေါင်းပေါင်းစသည်တို့ဖြင့် ဆင်ယင်ဝတ်စားထားသော ထိုသူကိုမြင်ရသော် ဘီအေမြို့အုပ်ကလေးလော၊ မင်းတိုင်ပင်အမတ်ကလေးလေလောဟု တွေးထင်မိကြမည် ဖြစ်ပေ၏။ ၎င်းမောင်ဘသိန်းသည် ဦးတိုက်စိုးအိမ်၌ အလုပ်တွင်လုပ်လျက်ရှိသော်လည်း ဦးတိုက်စိုးနှင့်တကွ သမီးယောင်ဆောင်သော မစိန်ရီတို့သည် ၎င်း၏တပည့်များဖြစ်ကြ၍ မောင်ညွန့်ဖူးကို ထောင်၍ဖမ်းရန်အတွက်သာလျှင် ထိုကဲ့သို့သော ပရိယာယ်နှင့် နေထိုင်ကြခြင်းဖြစ်လေသည်။ စင်စစ်မှာ ဦးတိုက်စိုးသည် အရပ်ထဲ၌ အတွင်းဝန်ရုံးစာရေးကြီးဟူ၍ သတင်းပြေးသော်လည်း စာရေးကြီးအစစ် မဟုတ်ချေ။ အတွင်းဝန်ရုံး စာရေးများမှာလည်း ပေါများလှသည်ဖြစ်သောကြောင့် စာရေးအစစ်များနှင့် တွေ့စေကာမူ ထိုသူအား စာရေးကြီးမဟုတ်ဟူ၍ စွပ်စွဲနိုင်ကြမည်မဟုတ်ချေ။ မောင်ထွန်းအုံမှာ ထိုအကြောင်းများကို ဦးတိုက်စိုးသေဆုံးသောအခါမှ စုံစမ်းသဖြင့် သိရှိရခြင်းဖြစ်၏။

မောင်ဘသိန်း သို့မဟုတ် ဥညြသည် သတင်းစာတွင် ဖော်ပြထားသော မိမိ၏အဂ်ါရုပ်နှင့် ထိုအခါ ဝတ်ဆင်ထားသော မိမိ၏ရုပ်အဆင်းတို့၏ ခြားနားပုံကို မှန်ကြီးတွင်ကြည့်ကာ ပြုံးပြီးနောက် မိမိ



www.burmeseclassic.com

www.burmeseclassic.com



စားသောမုန့်ဖိုးနှင့်တကွ ဘင်္ဂါလီကုလားကို ရက်ရောစွာ အပိုပိုက်ဆံပေး ရာတွင် ဘင်္ဂါလီကုလားသည် မြေသို့ဦးခိုက်မတတ် ရှိခိုးသွားစွာ ဆလံပေး လေ၏။ ၎င်းနောက် ကုလားထိုင်တွင်ချိတ်ထားသော မိမိ၏ တုတ် ကောက်ကို လှမ်းယူ၍ ဟိုတယ်ပြင်သို့ စတိုင်ပါပါ ထွက်လာပြီးလျှင် အငှားကားတစ်စီးပေါ်သို့တက်၍ "ကျုံးကြီးလမ်းဘက်မောင်းစမ်း၊ ငါက အရပ်မခိုင်းဘဲ မရပ်နဲ့ ကြားလား" ဟု ဒရိုင်ဘာအားပြောရာတွင် မော်တော်ကားလည်း ထွက်သွားလေ၏။ မောင်ဘသိန်းမှာမူ နောက် သို့ ခပ်မှိုမှိုထိုင်လျက် စီးကရက်သောက်ကာ လိုက်ပါသွားလေ၏။

ကျုံးကြီးလမ်းရှိ တိုက်တစ်တိုက်ရှေ့၌ ဓာတ်မီးတိုင်ကိုမှီကာ တစ်စုံ တစ်ယောက်ကို စောင့်နေသည့် အနေဖြင့် ရပ်ဆိုင်းကာ ဆေးတံ သောက်နေသော လူတစ်ယောက်ကို မောင်ဘသိန်းမြင်လေလျှင် ကား ကိုမရပ်စေဘဲ ဒရိုင်ဘာအား မော်တင်လမ်းဘက်သို့ ဆက်လက်၍ မောင်းနှင်ရန် အမိန့်ပေးလေ၏။ ထိုလမ်းသို့ ရောက်ပြန်သောအခါ၌ လည်း လူနှစ်ယောက်တို့သည် လမ်းဘေး၌ရပ်ကာ တစ်စုံတစ်ရာသော အကြောင်းကို တိုင်ပင်သည့်အနေမျိုးဖြင့် စကားပြောနေကြသည်ကို မောင်ဘသိန်းမြင်ရပြန်လေလျှင် "တယ်လာတဲ့ မောင်ထွန်းအုံပါတကား၊ ငါ့စားကျက်တွေ အကုန်သိပြီး လူစောင့်တွေနဲ့ချည်း ဖြစ်ကုန်ပါပကော လား" ဟု တီးတိုးပြောလျက် မော်တော်ကား ဒရိုင်ဘာအား ကြည့်မြင် တိုင်သို့ မောင်းနှင်စေပြန်လေ၏။

ဗားကရာလမ်းသို့ ရောက်သောအခါ မောင်ဘသိန်းသည် ကား ကိုရပ်စေ၍ ဒရိုင်ဘာအား ရက်ရောစွာ ပိုက်ဆံပေး၍လွှတ်လိုက်ပြီးမှ စမ်းချောင်းဘက်သို့ ခြေလျင်လျှောက်သွားလေ၏။ ထိုအချိန်၌ကား ဆယ်နာရီခွဲကျော်ပြီဖြစ်၍ များစွာသောအိမ်တို့မှာ အိပ်ကြပြီဖြစ်ရာ အချို့ အလုပ်သမားအိမ်များ၌သာလျှင် ကျောက်မျှားအကွက်ချလျက်ရှိကြ လေ၏။ မောင်ဘသိန်းသည် ကုလားလူမျိုးများ နေထိုင်သည့် ချောင်



www.burmeseclassic.com

www.burmeseclassic.com



ကျသော ရပ်ကွက်တစ်ခုသို့လျှောက်သွား၍ မော်တော်ကားထားသော ရုံတစ်ခုသို့ ရောက်သောအခါ မီးအိမ်တစ်လုံးကိုထွန်း၍ မိမိဝတ်ထားသည့် အဝတ်သစ်များကို လဲလှယ်ပြီးလျှင် ဗီရိုကလေးတစ်လုံးတွင် ထည့်ထား၍ အငှားကားမောင်းသမားများ ဝတ်တတ်သည့် သင့်လျော်ရုံမျှသော အဝတ်များကို ဝတ်လေ၏။ ၎င်းနောက် ထိုရုံ၌ထားသော ကားပေါ်သို့တက်၍ ကားအပြင်သို့ထုတ်ပြီးမှ တစ်ဖန်ဆင်း၍ မီးအိမ်ကို ငြိမ်းပြီးလျှင် ကားရုံကိုလည်း ပိတ်ထားလိုက်၏။ ထို့နောက် တစ်ဖန် ကားပေါ်သို့တက်ပြီးလျှင် ကားကိုစက်နှိုး၍ ကြည့်မြင်တိုင်ဘက်သို့ မောင်းသွားလေ၏။ ဘောတံတားသို့ရောက်သောအခါ မောင်ဘသိန်းသည် ကားကို ကုန်ရုံကြီးနှစ်ရုံ၏အကြားသို့ မောင်းသွင်း၍ မီးများကို ငြိမ်းပြီးနောက် ကားပေါ်မှဆင်းလာလေ၏။

ထိုည၌သည်ကား လပြည့်ကျော် ဆယ်ရက်နေ့ဖြစ်သောကြောင့် လမထွက်ဘဲရှိရကား ဓာတ်မီးထွန်းထားသော လမ်းမကြီးမှတစ်ပါး မြစ်ကမ်းတစ်ခုလုံးမှာ မှောင်မည်းလျက်ရှိနေ၏။ မောင်ဘသိန်းသည် ဘောတံတားပေါ်သို့ ရောက်သောအခါ ရေလယ်၌ မီးတလက်လက်ရှိသောနေရာကို မျှော်ကြည့်၍ "တော်သေးရဲ့၊ နေရာမပြောင်းပေသေးဘူး၊ ဒီနေရာမှာပဲ ရှိပေသေးတယ်" ဟုပြောလျက် တံတားအောက်သို့ ဆင်းပြီးလျှင် သံကြိုးနှင့်ချည်၍ ဝှက်ထားသော သမ္ဗန်ကလေးတစ်စင်းကို သော့ဖွင့်၍ ဖြုတ်ပြီးနောက် မီးရောင်ရှိရာရေလယ်သို့ တက်နှင့်တဖြည်းဖြည်းလှော်ယက်လေ၏။ မောင်ဘသိန်းမှာ သာမည လူဆိုးတစ်ယောက်မဟုတ်သဖြင့် ပညာစုံတတ်လေရကား သမ္ဗန်ကိုလည်း လိုရာသို့ရောက်အောင် ကောင်းမွန်စွာ လှော်ခတ်နိုင်လေ၏။

မောင်ဘသိန်းသည် မီးရောင်တလက်လက်မြင်ရသော နေရာသို့ ချိန်လျက် သမ္ဗန်ကိုလှော်ခတ်ခဲ့ရာ မီးရောင်နှင့်နီးလာသောအခါ၌ လှော်တက်ကို အသံမမြည်စေရအောင် အထူးသတိပြု၍ လှော်ခတ်



www.burmeseclassic.com

www.burmeseclassic.com



လေ၏။ ရေလယ်၌ မီးတလက်လက်မြင်ရသောအရာမှာ ကျောက်ဆူးချထားသည့် တုံကင်းကြီးတစ်စင်းဖြစ်လေရာ မောင်ဘသိန်းသည် တုံကင်းဦးသို့ရောက်သည်နှင့် တစ်ပြိုင်နက် တွဲရရွဲကျလျက်ရှိသော ကြိုးတစ်ချောင်းကို ကိုင်ဆွဲ၍ သမ္ပန်နှင့်တုံကင်းတို့ မထိမခိုက်စေရအောင် အရှိန်သတ်လေ၏။ ထို့နောက်မှ သမ္ပန်ကြိုးကို တုံကင်း၌ အသံမမြည်စေရအောင် ချည်ထားခဲ့၍ တုံကင်းပေါ်သို့မျှော်ကြည့်ရင်း အသက်အောင့်ကာ နားထောင်လေ၏။ တုံကင်းပေါ် အခြားသောနေရာတို့မှ အသံမကြားရဘဲ ပဲ့ပိုင်းရှိ မီးကာတဲအတွင်းမှ စကားပြောသံများကို ကြားရလေ၏။

ထိုအခါ မောင်ဘသိန်းသည် တုံကင်းပေါ်သို့ ဖြည်းညင်းစွာတက်၍ အင်္ဂလိပ်သင်္ဘောသားတစ်ယောက်ထံမှ အရက်တိုက်၍လုယူထားသော ခြောက်လုံးပြူးသေနတ်ကိုကိုင်ကာ အသံကြားရာသို့ ခြေဖျားထောက်လျက် လျှောက်လာခဲ့လေ၏။ ပဲ့ပိုင်းသို့ရောက်လာ၍ မီးကာတဲအတွင်းသို့ ချောင်းကြည့်လိုက်သောအခါ မိန်းမ တစ်ယောက်နှင့် ယောက်ျားတစ်ယောက်သည် မောင်ဘသိန်းရှိရာသို့ ကျောခိုင်းလျက်ကုလားထိုင်၌ထိုင်ကာ စကားပြောနေကြလေ၏။

**ယောက်ျား။** ''ဒီတုံကင်းဟာ ကိုကို့တုံကင်းဖြစ်တယ်ဆိုတဲ့အကြောင်းကို သူသိသွားပြီထင်တယ် မတင်မေရဲ့''

**မိန်းမ။** ''သိချင်လည်း သိပေစေတော့ကိုကို၊ တခြားမှာနေရတာထက် ကိုကို့နဲ့နေရတာ ကျွန်မစိတ်ထဲမှာ လုံခြုံတယ်လို့ အောက်မေ့ပါတယ်'' ဟု ပြောရာမှ မိမိတို့၏နောက်မှ ရယ်သံကြားသည်နှင့် နှစ်ယောက်စလုံးတို့သည် နောက်သို့ ရုတ်တရက်လှည့်၍ ကြည့်ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်မြဲတိုင်း ထိုင်နေကြ၊ မလှုပ်ကြနဲ့၊ ပစ်လိုက်မယ် နားလည်လား၊ ကိုညွှန်ရှား မှတ်တယ်" ဟု ပြောလျက် မောင်ဘသိန်းသည် ခြောက်လုံးပြူးသေနတ်နှင့် ချိန်ရွယ်ထားလေရာ မောင်နှမနှစ်ယောက်လုံးတို့မှာ မလှုပ်ဝံ့ကြဘဲ ငြိမ်ဝပ်စွာ ထိုင်နေကြရလေ၏။ ■



www.burmeseclassic.com

www.burmeseclassic.com



[၂၂]

သိန်း။ ''ခင်ဗျားလူတွေ ဘယ်ရောက်ကုန်ပြီလဲ''

ဖူး။ ''မြို့ထဲသွားကြတယ်''

သိန်း။ ''ဘာမှတော့ ယူမသွားကြဘူး ထင်ပါရဲ့ ယူသွားကြလျှင်တော့ ခင်ဗျား ဒီကနေ့ည ရေအောက်မှာအိပ်ဖို့ ရှိတာပဲ''

ဖူး။ ''ခင်ဗျား လူစုကော''

သိန်း။ ''ဦးသာဒွန်းတို့ ဦးတိုက်စိုးတို့လား၊ အားလုံးကြွကုန်ကြပြီ''

ဖူး။ ''ဘယ်ကြွတာလဲ''

သိန်း။ ''နတ်ရွာကိုကြွပြီး စံနေကြတာပေါ့ဗျ၊ ကိုင်း ကိုညွန့်ဖူး၊ ကျုပ်ရေငတ်တယ်ဗျာ၊ ခင်ဗျား ဂျော်နီဝေါ့ကား နည်းနည်းလောက် သောက်ရအောင်၊ ခင်ဗျား သေတ္တာကြီး ဘယ်မှာထားသလဲ''

ဖူး။ ''ကမ်းကိုပို့လိုက်ပြီ''

သိန်း။ ''ကျုပ်ကိုမညာနဲ့၊ ဒီတုံကင်းပေါ်မှာရှိတယ်၊ ကျုပ်သိတယ်၊ ခင်ဗျားလိုက်ပြရမယ်''

ဖူး။ (အမျက်ပြင်းစွာထွက်သည်နှင့် နှုတ်ခမ်းများ ဆတ်ဆတ်တုန်လျက်)

''မပြဘူး''

သိန်း။ ''ဒါတော့ ခင်ဗျားသဘောပေါ့ဗျာ၊ မပြလို့ရှိလျှင် ဟောဒီက ခင်ဗျားနှမကို ပထမတစ်ချက်ပစ်သတ်၊ နောက်ပြီးတော့မှ ခင်ဗျားကိုပစ်သတ်ပြီး နှစ်ယောက်လုံးသေတော့မှ ကျုပ်ဘာသာကျုပ် ရှာယူမှာပေါ့၊ ဘယ့်နှယ်လဲ''

မောင်ညွန့်ဖူးသည်လည်း မတုန်မလှုပ်နှင့် ရှိနေလေ၏။

သိန်း။ ''ခင်ဗျားက ခေါင်းမာမယ်ကြံသလား၊ ကျုပ်ကိုတော့ မစမ်းနဲ့ ဆရာကြီး၊ ကျုပ်က အလကားခြောက်တဲ့အကောင် မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘုန်း တကယ်လုပ်တဲ့အကောင်ဆိုတာ ခင်ဗျားလည်းကြားဖူးပါလိမ့်မယ်၊ ကိုင်း တစ်ကစပြီး တစ်ဆယ်အထိ ကျုပ်ရေမယ်၊ တစ်ဆယ်ရောက်လို့မှ ခင်ဗျားမလုပ်လျှင် ခင်ဗျားနှမကို ကျုပ်ပစ်သတ်လိုက်မယ်၊ တစ်၊ နှစ်၊ သုံး..."

ဖူး။ "တော်ပါတော့၊ မရေပါနဲ့တော့၊ ကျုပ်နှမလည်း လိုက်ရဦးမှာလား"

သိန်း။ "သူပါလိုက်ရမယ်၊ မတော်တဆ ကျုပ်မရှိတုန်း အော်လားဟစ်လားလုပ်ရင် ဘယ့်နှယ်လုပ်မလဲ"

ထိုအခါ မောင်ညွန့်ဖူးသည် နှမ မတင်မေကိုခေါ်လျက် ရှေ့မှလျှောက်သွားလေရာ မောင်ဘသိန်းလည်း သေနတ်ကိုကိုင်လျက် နောက်မှ လိုက်သွားလေ၏။ တုံကင်းဝမ်းခေါင်းထဲသို့ ရောက်သောအခါ နံရံတွင် လျှို့ဝှက်ထားသော ခလုတ်တစ်ခုကို နှိပ်လိုက်သည်နှင့် တစ်ပြိုင်နက် ဗီရိုတစ်လုံးပွင့်သွား၍ အတွင်း၌ကား အရက်သေတ္တာတစ်လုံး ပေါ်လာလေ၏။ မောင်ဘသိန်းသည် မောင်ညွန့်ဖူးအား သေတ္တာကို အပြင်သို့ထုတ်စေ၍ မောင်ဘသိန်း၏ အမိန့်အတိုင်း အဖုံးကိုဖွင့်လေရာ ကောက်ရိုးစွပ်ထားသည့် ပုလင်းများပေါ်လာလေ၏။

သိန်း။ "နောက်ဆုတ်ပြီး ငြိမ်ငြိမ်ရပ်နေကြစမ်း"ဟု အမိန့်ပေးသဖြင့် မောင်နှမနှစ်ယောက်တို့သည် ရပ်လျက်ကြည့်နေကြစဉ် မောင်ဘသိန်းသည် ၎င်းတို့နှစ်ယောက်ကို တစ်ခဏကလေးမျှ မျက်နှာမလွှဲဘဲ ကောက်ရိုးစွပ်တစ်ခုကို ကောက်ယူ၍ ဖြေကြည့်ရာတွင် အတွင်း၌ကား ပုလင်းမပါဘဲ ငွေစက္ကူများမှာ အခေါက်လိုက်မထားဘဲ ပုလင်းသဖွယ်ရှိနေအောင် ခွေလျက်ထည့်သွားထားခြင်း ဖြစ်လေ၏။ မောင်ဘသိန်းသည် မိမိ၏အကြံအစည် အထမြောက်ချေပြီဟူသော အနေဖြင့် ရွှင်ပျသော မျက်နှာထားနှင့် အင်္ကျီအိတ်တွင်းမှ ပိုးကြိုးနှင့်ထိုးထားသော ကွန်ကြာအိတ်တစ်လုံးကို ထုတ်ပြီးလျှင် ကောက်ရိုးစွပ်များကို တစ်ခုစီ



www.burmeseclassic.com

www.burmeseclassic.com



ဖြေ၍ ငွေစက္ကူများကို အိတ်ထဲသို့ ပြောင်းထည့်လေ၏။ ထိုအတော အတွင်း၌ မောင်ဘသိန်း၏မျက်လုံးများမှာမူ ထိုမောင်နှမနှစ်ယောက် တို့ကိုသာလျှင် ကြည့်လျက်ရှိလေ၏။

တစ်ထောင်မျှသော ငွေစက္ကူအချပ်များကို ကွန်ကြာအိတ်ထဲသို့ ပြောင်းထည့်၍ ပြီးစီးလတ်သော် မောင်ဘသိန်းသည် ကုန်းနေရာမှ ခါးကိုဆန့်လျက် ...

သိန်း။ ''ကိုင်း၊ ငွေတော့ဖြင့်ရပေပြီ၊ လုံခြုံအောင်လုပ်ဖို့အရေးပဲ ကျန်တော့တယ်၊ ခင်ဗျားတို့ကို ဒီအတိုင်းထားခဲ့လျှင် ကျုပ်ကိုဖော်ကြ မယ် အမှန်ဘဲ''

ဖူး။ ''ဒီတော့ကာ ကျုပ်တို့က ဖော်မပြောနိုင်အောင် ကျုပ် တို့နှစ်ယောက်ကို သတ်သွားမယ်ဆိုပါတော့''

သိန်း။ ''ဒါမှန်တယ်''

ဖူး။ ''ကျုပ်တို့ကို ခင်ဗျားသတ်ပေမယ့် မစိန်ရီရဲ့ သက်သေခံ စာတွေက ရှိသေးတယ်ဗျ''

သိန်း။ ''ဘယ်မှာလဲ၊ ဘာများသက်သေခံထားသလဲ''

ဖူး။ ''ခင်ဗျားကိုယ်တိုင် ဖတ်ကြည့်တော့လေ၊ ဟောဒီမှာ'' ဟုပြောလျက် မောင်ညွန့်ဖူးသည် ဗီရိုသို့လက်လှမ်းရောင်ပြ၍ မီးခွက် ကို ရုတ်တရက်ငြိမ်းသတ်ပြီးမှ ကြမ်းပေါ်သို့ပစ်လှဲလျက် ''တင်မေ၊ လှဲအိပ်လိုက်'' ဟု အော်ဟစ်လိုက်လေ၏။ နောက် တစ်ခဏ၌ မောင် ညွန့်ဖူး၏ ဦးခေါင်းသည် မောင်ဘသိန်း၏ ဒူးနှစ်လုံးအကြားသို့ ပစ်ဝင် လိုက်သဖြင့် နှစ်ယောက်စလုံးတို့သည် မှောင်နှင့်မည်းမည်းရှိနေသော တံကင်းဝမ်းခေါင်းအတွင်း၌ လိမ့်သွားကြလေ၏။ မောင်ဘသိန်း၏ လက်မှ သေနတ်သည်လည်း 'တထိန်းထိန်း' နှင့် မြည်ထွက်လျက် ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်ဘသိန်းမှာ ဘယ်အခါမှ အလစ်ကိုချောင်း၍ မိဖူးသော လူတစ်ယောက် မဟုတ်ပါဘဲလျက် ယခုတစ်ကြိမ် အလစ်မိသွားသည်တွင် အံ့အားသင့်လျက် ရုတ်တရက် မည်သို့မျှမခုခံဘဲ သေနတ်ကို သာလျှင် အရှမ်းပစ်ခတ်လျက်ရှိလေ၏။ လူနှစ်ယောက်တို့သည် ကြမ်းပေါ်၌ လူးလိမ့်ကာ သူတစ်ပြန် ကိုယ်တစ်ပြန် အပေါ်ရောက်ချည် အောက်ရောက်ချည်နှင့် ရှိနေကြရာမှ မောင်ညွှန့်ဖူးသည် အပေါ်သို့ ရောက်သွားအလှည့်တွင် မောင်ဘသိန်း၏ သေနတ်ကိုင်ထားသော လက်မောင်းပေါ်တွင် ဒူးထောက်လျက် တစ်ဖက်သောလက်ဖြင့် သေနတ်ကို လုယူ၍ ကျန်တစ်ဖက်နှင့် လည်မြိုကို ညှစ်လေ၏။

သို့ရာတွင် ထိုကဲ့သို့ မောင်ညွှန့်ဖူးက အနိုင်ရခြင်းမှာ တစ်ခဏမျှသာဖြစ်လေသည်။ မောင်ဘသိန်းသည် အံ့သြခြင်းပြေပျောက်ပြီးသည်နောက် အောက်သို့ရောက်နေသောအဖြစ်မှ တွန့်လိမ်ကာရုန်းဖယ်၍ ထွက်ပြီးလျှင် မောင်ညွှန့်ဖူး၏လက်မှ လွတ်သည်နှင့် တစ်ပြိုင်နက် မျက်မိုက်ထဲတွင် ရောင်ရမ်း၍ လက်သီးနှင့် ကော်သတ်လိုက်လေ၏။ ထိုလက်သီးချက်သည် ချိန်ရွယ်၍ ထိုးလိုက်သည့်ပမာ မောင်ညွှန့်ဖူး၏ ပါးချိတ်ကို တည့်တည့်ကြီးထိုးမိသဖြင့် မောင်ညွှန့်ဖူးသည် ငိုက်ယိုင်ကာ လဲကျသွားလေ၏။ ထိုအခါမှ မောင်ဘသိန်းသည် ကြမ်းပေါ်၌ကျနေသော မိမိ၏သေနတ်ကိုကောက်ယူ၍ ဝမ်းခေါင်းတွင်းမှ ငွေအိတ်ကြီးကိုပိုးလျက် တက်လာပြီးလျှင် သမ္ဗန်ပေါ်သို့ ငွေအိတ်ကို ပစ်ချလိုက်လေ၏။ ထိုခဏ၌ မောင်ညွှန့်ဖူးသည်လည်း နောက်မှလိုက်လာ၍ မောင်ဘသိန်းအား ကိုင်ဖမ်းမည်ပြုရာတွင် မောင်ဘသိန်းသည် ကျင်လည်စွာရှောင်တိမ်း၍ မောင်ညွှန့်ဖူး၏နဖူးကို သေနတ်ဒင်နှင့် ဆောင့်လိုက်လေ၏။ မတင်မေသည်လည်း ထိုအခါ၌ ပြေးလိုက်လာခဲ့၍ ကြမ်းပေါ်၌ ထိုးလဲနေသော မိမိ၏မောင်ကို ပွေ့ထူနေရခြင်းအတွက်ကြောင့် လူဆိုးအား ဖမ်းဆီးမှုအတွက် တစ်စုံတစ်ရာမျှ မကူညီနိုင်ဘဲ ရှိနေခဲ့



www.burmeseclassic.com

www.burmeseclassic.com



လေ၏။

မောင်ဘသိန်းမှာမူ တံကင်းပေါ်မှ သမ္ဗန်သို့ ခုန်ဆင်း၍ ချည်ထား သောကြိုးကို ဖြုတ်ပြီးလျှင် ဘောတံတားဘက်သို့ ခတ်လှော်ပြေးလေ ၏။ ဘောတံတားသို့ ရောက်သောအခါ သမ္ဗန်ကို တံတားအောက်တွင် ချည်ထားခဲ့၍ မော်တော်ကားဝှက်ထားရာသို့ သွားပြီးလျှင် ငွေအိတ်ကို လူထိုင်သောနေရာသို့ အပေါက်မှ ပစ်သွင်းပြီးမှ ကားပေါ်သို့တက်၍ မောင်းနှင်လာခဲ့လေ၏။

စမ်းချောင်းရပ်၌ရှိသော ကားရုံသို့ရောက်သောအခါ မောင်ဘသိန်း သည် ကားကိုရုံတွင်းသို့ သွင်းပြီးမှ လူထိုင်သောနေရာ၌ထားသော ငွေအိတ်ကိုယူရန် ကားပေါ်မှ ဆင်းလာခဲ့လေ၏။ "ဒီကနေ့ည တော်တော်ကလေး အသားပါတဲ့ညပါပဲ"ဟု မောင်ဘသိန်း၏ စိတ်၌ အောက်မေ့၏။

မောင်ဘသိန်းသည် ကားနောက်သို့ လျှောက်လာ၍ ထိုင်ခုံပေါ်မှ ငွေအိတ်ကိုယူရန် တံခါးကိုဖွင့်လိုက်သည်နှင့် တစ်ပြိုင်နက် ခြောက်လုံး ပြူးသေနတ်တစ်လက်၏ ပြောင်းဝကို မြင်ရပြီးနောက် "မင်းလက်ကို အဲဒီမှာပဲထား"ဟု ပြောသံကို ကြားရ၍ ကားပေါ်မှ သေနတ်ကိုင်၍ အေးအေးဆေးဆေးနှင့် ဆင်းလာသော မောင်ထွန်းအုံနှင့် ရဲအရာရှိ တစ်ယောက်ကို မြင်ရလေ၏။ ■



www.burmeseclassic.com

www.burmeseclassic.com



[၂၃]

အုံး။ “ဘယ့်နှယ်လဲဟေ့ ငါ့လူ၊ တုံကင်းကလူတွေကို မင်း ဘယ့်နှယ် လုပ်ထားခဲ့သလဲ”

သိန်း။ “ခင်ဗျားမဟာခင်ဗျား နောက်တော့သိမှာပေါ့”

အုံး။ “နောက်တော့သိမှာပေါ့လေကွယ်၊ ကိုင်း ကိုဘထွန်း၊ ဒီလူကို-ခင်ဗျားက လက်ထိပ်ခတ်၊ ကျုပ်က သေနတ်နဲ့ချိန်ထားမယ်၊ အုင်မစာန်ညဏ်များတဲ့လူဗျ၊ သတိနဲ့ ကိုင်လေနော်”

သိန်း။ (လက်ထိပ်ခတ်ခံရင်း) “ခင်ဗျားတို့ ကျုပ်ကားပေါ်ကို ဘယ့်နှယ်ရောက်နေကြသလဲ”

အုံး။ “မင်းနောက်က နောက်ယောင်ခံပြီးလိုက်တော့ မင်း ဝှက်ထားခဲ့တဲ့ကားကို တွေ့တာပေါ့ကွယ့်၊ တွေ့လို့ ငါတို့က ရေလယ် ကိုလိုက်မယ်လုပ်တုန်း မင်းပြန်ရောက်လာတယ်။ ဒီတော့ ငါတို့က ကားထဲအသာကလေးဝင်ပြီး ပုန်းနေကြတယ်။ မင်းက ကားတံခါးကို ဟိုတုန်းက ဖွင့်လို့ရှိလျှင်လည်း မင်းကိုဟိုမှာဖမ်းကြဖို့ပဲ၊ အခုတော့ မင်းက ကားတံခါးကိုမဖွင့်ဘဲ အိတ်ကြီးကိုပစ်သွင်းပြီး မောင်းလာလေ တော့ ငါတို့က ဖြည်းဖြည်းမှဖမ်းတော့မယ်ဆိုပြီး အသာကလေး နောက်က ကပ်လိုက်လာကြတာပေါ့၊ ဒီရောက်တော့မှ မင်းကို အခု ဖမ်းတာပဲ၊ ဘယ့်နှယ့်လည်းဟေ့၊ သပ်ရပ်ရဲ့လား” ဟု မေးလေလျှင် မောင်ဘသိန်းသည် မည်သို့မျှ ပြန်မပြောဘဲ “ဂိုးတူပါဲလ်”ဟု အင်္ဂလိပ် လို ဆဲလိုက်၏။

၎င်းနောက် မောင်ထွန်းအုံးနှင့် ရဲအရာရှိတို့သည် မောင်ဘသိန်း ၏ ခြောက်လုံးပြူးကို ထုတ်ယူကြပြီးမှ ၎င်းကို ကားပေါ်၌တင်၍ ဌာနသို့ မောင်းနှင်ကြပြီးလျှင် အချုပ်ခန်းသို့ ပို့လိုက်ကြလေ၏။

နောက်တစ်နေ့ညနေ၌ မောင်ထွန်းအုံးနှင့် မောင်ညွန့်ဖူး မောင်နှမ နှစ်ယောက်တို့သည် ၎င်းတို့၏နေအိမ်၌ ပျော်ရွှင်စွာ တွေ့ဆုံကြလေရာ



www.burmeseclassic.com

www.burmeseclassic.com



မောင်ညွန့်ဖူးသည် မိမိ၏အဖြစ်အပျက်များကို အောက်ပါအတိုင်း ရှင်းလင်းပြောပြလေ၏။

"ဒီလိုဗျ ကိုထွန်းအုံရှဲ၊ ကျုပ် ပထမရည်းစား မခင်မြိုင်မသေမီ တစ်လလောက်မှာ ဦးတိုက်စိုးနဲ့ သိကျွမ်းခဲ့ကြတယ်။ မခင်မြိုင်သေပြီး တဲ့နောက် ဦးတိုက်စိုးက သူ့အိမ်ကို အလည်လာဖို့ဖိတ်လေတော့ သူ့သမီးဆိုတဲ့ မစိန်ရီနဲ့ တွေ့ကြပြီး ချစ်ကြိုက်ကြတယ်။ ရင်စစ်မှာ မစိန်ရီဟာ လူဆိုးတွေနဲ့ တစ်ကျိတ်တည်း တစ်ဉာဏ်တည်းပူးပေါင်း ပြီး ကျုပ်ပစ္စည်းကိုရဖို့ ကြံစည်တာမှန်သော်လည်း နောက်ကိုတော့ နောင်တရပြီး ကျုပ်နှမ မတင်မေကို ကယ်ဆယ်တာလည်း သူပေါ့ဗျ၊ ကျုပ် ပုန်းအောင်းပြီးနေတဲ့ အဖြစ်အပျက်ကို ဟုတ်မှန်တဲ့အတိုင်း သူ့ လူများကို ဖွင့်မပြောတာလည်း သူ့ကျေးဇူးပေဗျ။

"ဉာဏ်ဆိုတဲ့ လူအကြောင်းကိုတော့ အရင်က သူလိုပါ်လို့ သတင်းစာထဲမှာ တွေ့ဖူးရုံလောက် သိတာပေါ့ဗျာ။ မခင်မြိုင်သေပြီးတဲ့ နောက်တော့မှ ကျုပ်ကို ပစ္စည်းတွေအားလုံး ဆုံးရှုံးအောင် လုပ်မလေး ဘာလေးနဲ့ ခြိမ်းခြောက်စာတွေကို ရတာကိုးဗျ"

အုံ။ "နေပါဦးဗျာ၊ မစိန်ရီက သူတို့လူဖြစ်ရက်နဲ့ မစိန်ရီကို မယူဖို့ ဘာကြောင့် သူတို့က ခြိမ်းခြောက်ရသလဲ"

ဖူး။ "သူတို့အကြံက ဒီလိုဗျ၊ ကျုပ်ဟာ ခေါင်းမာတဲ့လူတစ် ယောက်ပဲလို့ သူတို့သိတယ်၊ ဒီတော့ကာ သူတို့က ဒီလိုခြိမ်းခြောက် လေလေ ကျုပ်ကသာပြီးမယူဘဲ မနေလေလေဆိုတဲ့ အကြောင်းကို သူတို့သိလေတော့ မယူဘဲမနေအောင် လှန့်ပြီးပေးတဲ့ နည်းကိုးဗျ၊ ဒီ့ပြင်တစ်ကြောင်းကတော့ သူတို့က ဒီလိုလှန့်ပေးလိုက်လို့ရှိရင် ကျုပ်က ဘဏ်မှာထားတဲ့ငွေအတွက်နဲ့ ပတ်သက်ပြီး ထိတ်လန့်တုန်လှုပ်ခြင်း ဖြစ်သွားစေဖို့ ရည်ရွယ်တာကိုးဗျ၊ သူတို့ရည်ရွယ်တဲ့အတိုင်းပဲ ကျုပ်က တုန်လှုပ်သွားပေတယ်၊ ဒီတော့ ကျုပ်က ဒီအကြောင်းကို ယောက္ခမ



www.burmeseclassic.com

www.burmeseclassic.com



လောင်း ဦးတိုက်စိုးကို တိုင်ပင်ရောဗျ။ တိုင်ပင်တဲ့အခါမှာ သူက ကျုပ်ကို လန့်သည့်ထက်လန့်အောင် လှန့်ပြီးပေးပြန်ရောဗျ။

"ဥညြဆိုတဲ့လူရဲ့ ဉာဏ်သွားပုံတွေကို ကျုပ်ကြောက်လောက်အောင် ချဲ့ထွင်ပြီးပြောလား ပြောရဲ့၊ သူကတော့ အတွင်းဝန်ကြီးရဲ့ လူယုံတော်မို့လို့ ဥညြအကြောင်းကို သူများသိသည့်ထက် ပိုပြီး သိသတဲ့ဗျ။ ဘဏ်မှာထားတဲ့ငွေကို သူက ဉာဏ်ဆင်ပြီး ထုတ်ယူသွားမှာလို့ လူဘယ်နှစ်ဦး မဆိုနိုင်ဘူး ဆုံးရှုံးရာကြဖူးသတဲ့။ ဒီသတင်း တွေကို သတင်းစာမှာ မထည့်ရအောင်ဟာ

သူကတော့ အတွင်းဝန်ကြီးရဲ့ လူမို့လို့သိရသတဲ့ ဘာညာပြောလေတော့ ကျုပ်ကိုယ်တိုင် ယောင်ချာချာ ဖြစ်သွားမိပေတယ်ဗျ။ ခင်ဗျားတို့ကတော့ ကျုပ်ကိုအပြစ်တင်ကြမှာပဲ။ သို့သော်လည်း ဦးတိုက်စိုး နေပုံထိုင်ပုံကိုလည်း ကြည့်ဦးဗျ။ အရာရှိကြီး တစ်ယောက်နဲ့ ဘာမှမခြားဘူး။ ဒီအပေါ်မှာ ယောက္ခမလောင်းလည်း ဖြစ်နေပြန်တယ်။ ဒီတော့ကာ ယုံကြည်မယ်ဆိုလျှင် ယုံကြည်ထိုက်သလို မနေဘူးလားဗျာ။

"အမှန်ပြောရမှာဖြင့် မစိန်ရီတစ်ယောက်ကတော့ ဟိုကတည်းကိုက ကျွန်တော့်ကို တိုက်တွန်းတဲ့အထဲ မပါရှာပေဘူးဗျ။ သူကတော့ဖြင့် သတိတောင် ပေးရှာပါပေတယ်၊ ကိုင်း၊ တိုတိုပြောတော့မယ်၊ ကျုပ်က ဦးတိုက်စိုးစကားကို ယုံကြည်ပြီး ဘဏ်တိုက်မှာထားတဲ့ ငွေတစ်သိန်းကျော်ကို သုံးလီ လီထုတ်ပြီး ဦးတိုက်စိုးအိမ်မှာ အပ်ထားမိပေတယ်ဗျ။ အပ်ထားတော့ကာ သူက ကျုပ်ကို ငွေရကြောင်း ပြေစာလက်ခံတစ်ခု ပေးထားတယ်။ ဒီပြေစာက အစိုးရတံဆိပ်တွေ ဘာတွေနဲ့၊ သူ ဘယ်က ရထားတယ် မပြောတတ်ပါဘူးဗျ"

အံ့။ "ပြေစာကို စားပွဲအံဆွဲမှာ ခင်ဗျားသိမ်းထားတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဖိုး။ "ဟုတ်တယ်"

အုံ။ "မီးလောင်သွားပြီ"

ဖိုး။ "သတင်းစာမှာ ကျုပ်တွေ့လိုက်ပါတယ်။ စက္ကူကို အလိုလို မီးလောင်အောင် ဘာဓာတ်ရည်နဲ့များ စိမ်ပေးလိုက်တာမှန်း မဆိုနိုင်ပါဘူး။ ဒါနဲ့ တိုတိုပြောတော့မယ်၊ မစိန်ရီနဲ့ လက်ထပ်မယ့်နေ့မှာ ကျုပ်က ကျုပ်ဝါသနာအတိုင်း ဘယ်အရာမျိုးမဆို ထင်ထင်ရှားရှားကြီး မလုပ်ချင်လေတော့ မစိန်ရီပေးဖို့ စိန်နားကပ်ကို သူ့သားရေအိတ်ထဲ သွားထည့်ထားတာကိုးဗျ။ စိန်နားကပ်ကိုထည့်ရင်း ကျုပ်ကိုပေးဖို့ ကျုပ်နာမည်နဲ့ လိပ်တပ်ထားတဲ့ စာတစ်အိတ်ကိုတွေ့လေတော့ ဖွင့်ဖတ်မိတယ်။ စာကိုဖတ်ဖတ်ချင်းပဲ ဥဩဆီကပဲကိုးလို့ ကျုပ်သိတယ်။ စာထဲမှာပါတာကတော့ –

"ခင်ဗျားသည် ကျုပ်စကားကို နားမထောင်ဘဲ မစိန်ရီကို လက်ထပ်ခဲ့လေပြီ၊ ခင်ဗျား၏ငွေကို ဦးတိုက်စိုးထံ အပ်နှံထားကြောင်း ကျုပ်တို့သိသည်၊ ယနေ့ည ကျုပ်တို့ရအောင် ခိုးယူမည်" လို့ ပါသဗျ။ ၎င်းစာနဲ့အတူ ပူးတွဲပြီး စာရွက်ကလေးတစ်ရွက်လည်း ပါတယ်။ ဒီစာရွက်မှာ ရေးထားတဲ့စကားကတော့ –

"မစိန်ရီက ပူးတွဲပါစာကို မောင်ညွန့်ဖူး၏ခေါင်းအုံးမှာ ယနေ့ည တွယ်အပ်နှင့်ထိုးထားရမည်၊ နက်ဖြန်နံနက်စောစော ရေကျော်ဈေးအနီးမှ ကားနှင့်စောင့်နေမည်၊ မောင်ညွန့်ဖူး၏ကိစ္စ အေးသွားသည့်တိုင်အောင် မစိန်ရီက ရှောင်တိမ်းနေရမည်"တဲ့ဗျ။ ဒီစာနှစ်စောင်ကို ဖတ်ရလျှင်ဖတ်ရချင်း ကျုပ်တော့ဖြင့် လူယုံသတ်ပြီလို့ တစ်ခါတည်း သိတာပဲဗျ။ ပထမတော့ ကျုပ်က အိမ်အောက်ဆင်းပြီး ပရိသတ်တွေရှေ့မှာ အဖြစ်အပျက်တွေကို အားလုံးရှင်းပြပြီး သူတို့ကို စွပ်စွဲဖို့ ကြံစည်မိတယ်။ သို့သော်လည်း ငါဒီလိုပြောလို့ ငါ့ကိုတယ်သူက ယုံမလဲ၊ လူတွေအားလုံးက အရူးရယ်လို့ ဝိုင်းပြီးစွပ်စွဲရုံသာရှိမယ်၊ ပစ္စည်းတော့



www.burmeseclassic.com

www.burmeseclassic.com



ဆုံးမြို့တိုင်းဆုံးမှာပဲလို့ ကျုပ်စဉ်းစားမိတယ်၊ ဒီတော့ကာ ကျုပ်ပစ္စည်းကို သူတို့ဆီက ကွေ့ကွေ့ကောက်ကောက်နဲ့ပဲ ပြန်ရအောင်လုပ်ဖို့ သန္နိဋ္ဌာန်ချပြီး နောက်ဖေး လှေကားကဆင်း၊ ဝင်းထရံကျော်၊ အငှားကားတစ်စီး ခေါ်ပြီး တစ်ခါတည်း ကျုပ်ထွက်သွားခြင်းဖြစ်တယ်၊ ကျုပ်မှာ သားသား နားနား နေဖို့ထိုင်ဖို့ ပြင်ဆင်ထားတဲ့ တိုကင်းတစ်စင်းရှိတယ်၊ ဒီတော့ ရန်ကုန်က ထွက်သွားပြီး ဒီတိုကင်းနဲ့ တွံတေးတစ်ခွင်မှာ အသာနိုပြီး ကျုပ်အကြံ ထုတ်နေခဲ့တယ်''

အုံ။ ''ဒါဖြင့် ဦးတိုက်စိုးတိုက်ကို ဖောက်ဝင်တဲ့လူဟာ ခင်ဗျား ပေါ့''

ဖူး။ ''အစစ်ပေါ့ဗျ''

အုံ။ ''ခင်ဗျားနှယ်ဗျာ၊ ရဲကိုတိုင်လိုက်လျှင် ကျုပ်တို့ရှာပေးမှာ ပေါ့ဗျာ''

BURMESE CLASSIC

ဖူး။ ''ရဲကိုတိုင်လျှင် ကျုပ်စကားကိုယုံမလား၊ ဦးတိုက်စိုးစကား ကို ယုံမလား၊ ခင်ဗျားစဉ်းစားကြည့်လေ၊ သက်သေသက္ခာယလည်း တစ်ယောက်မှ မရှိဘူးဗျ။ ပြီးတော့ ကျုပ်ဝါသနာကလည်း ခက်ခက် ခဲခဲအလုပ်မှာ စွန့်စွန့်စားစားနဲ့ ကိုယ်တိုင်ကြံဖို့ အထုံပါလာခဲ့တာက လည်း တစ်ကြောင်းရှိတယ်ဗျ''

အုံ။ ''ငွေစက္ကူတွေကို အရက်သေတ္တာထဲမှာ ထားတယ်ဆိုတာ ခင်ဗျားဘယ့်နှယ်သိသလဲ''

ဖူး။ ''ဒါတော့ ကျုပ်မသိဘူး၊ သို့သော် ဒီတိုက်မှာ မြေတိုက် ရှိတယ်ဆိုတာ ကျုပ်သိတယ်၊ ဒီတော့ ဒီတိုက်မှာ သူတို့ဝှက်ထားလျှင် မြေတိုက်ထဲမှာ ထားမှာပဲဆိုပြီး မြေတိုက်ရောက်အောင် ကျုပ်ဖောက် ဝင်ပြီး ယူခဲ့တယ်၊ ပထမတော့ ကျုပ်ကိုယ်တိုင်က အရက်သေတ္တာ မှတ်ပြီး ထွက်တော့မယ်အလုပ်မှာ ဟုတ်လိုဟုတ်ငြား ကြည့်ဦးမယ်လေ



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ဖွင့်ကြည့်တော့မှ မောင်မင်းကြီးသားများက ကောက်ရိုးတွေနဲ့ ပတ်ပြီး ထားတော်မူကြတာကိုးဗျ"

အုံ။ "မတင်မေနဲ့ခင်ဗျား တွေ့ပုံကကော"

ဖူး။ "ကျုပ်က ကံအားလျော်စွာ တဲ့တေးနားမှာ တုံကင်းကို ကျောက်ဆူးချပြီး ဆိုက်ထားတုန်း တင်မေကို သူတို့လူစုက အလိုက်၊ တင်မေက သမ္ဗန်ကလေးနဲ့ လှော်အပြေးမှာ ကျုပ်တုံကင်း ဝင်တိုးမိလို့ ကျုပ်ကိုဆွဲတင်ထားလိုက်ရတာပေါ့ဗျ။ ကိုင်း ဘာများမေးချင်သေး သလဲဗျာ"

အုံ။ "မေးစရာမရှိပါဘူးဗျာ၊ ရှင်းပါပြီ"

•

မောင်ညွှန့်ဖူးက မစိန်ရီသည် လူဆိုးများနှင့် ပူးပေါင်းကြံစည် ခဲ့ဖူးကြောင်းကို သိရှိသည် မှန်သော်လည်း မစိန်ရီသည် မိမိအပေါ်၌ စင်စစ် မေတ္တာထားကြောင်းကို အမျိုးမျိုးသော သက်သေခံချက်တို့ဖြင့် ထင်ရှားသည်ဖြစ်ရကား တစ်နေ့သ၌ မိမိမူလရည်ရွယ်ချက်အတိုင်း မစိန်ရီကို ထိမ်းမြားလက်ထပ်ခဲ့လေ၏။

မောင်ထွန်းအုံနှင့်မတင်မေတို့မှာလည်း မကြာမီအတွင်း လက်ထပ် မင်္ဂလာဆောင်နှင်းကြမည့် အကြောင်းမှာ ဖတ်ရှုသူတို့ တွေးထင်သည့် အတိုင်းပင် ဖြစ်လေသတည်း။ ■

ရွှေဥဒေါင်း



www.burmeseclassic.com